# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ကပ်ငြိစိတ်မရှိသူ**

နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့် တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ်မရှိသူကို အထက် အကနိဋ္ဌဘုံသို့ အစဉ်အတိုင်း သွားမည့်သူဟု ဆိုအပ်၏။

ပိဋကတ်(ဓမ္မပဒ - ၂၁၈)


၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၃၄၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၁၈ ရက်မှ စက်တင်ဘာ ၂၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။ *စာမျက်နှာ ၆ ကော်လံ ၅* ❖

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၇-၉-၂၀၂၃

| | | | | |
|---|---|---|---|---|
| မော်ဘီ (စိုက်ပျိုးရေးမိုးလေဝသ) | ၅ | ဒသမ | ၆၇ | လက်မ |
| ညောင်တုန်းမြို့ | ၅ | ဒသမ | ၁၃ | လက်မ |
| ဝမြို့ | ၄ | ဒသမ | ၂၉ | လက်မ |
| ကိုကိုးကျွန်းမြို့ | ၄ | ဒသမ | ၂၅ | လက်မ |
| ကျိုက်မရောမြို့ | ၄ | ဒသမ | ၁၃ | လက်မ |
| လှည်းကူးမြို့ | ၃ | ဒသမ | ၈၆ | လက်မ |
| ပဲခူးမြို့ | ၃ | ဒသမ | ၂၃ | လက်မ |
| မုဒုံမြို့ | ၃ | ဒသမ | ၁၅ | လက်မ |
| သိမ်ဇရပ်မြို့ | ၂ | ဒသမ | ၆၄ | လက်မ |
| ထားဝယ်မြို့ | ၂ | ဒသမ | ၅၂ | လက်မ |



## ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၇

ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကလေးဆေးရုံကြီး-ရန်ကုန်နှင့် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)- ရန်ကုန်တို့မှ နှလုံးရောဂါဆေးပညာ၊ အထွေထွေရောဂါဆေးပညာ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆေးပညာ၊ ဦးနှောက်နှင့်အာရုံကြောဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ပညာ၊ ကလေးဦးနှောက်နှင့် အာရုံကြောဆေးပညာ၊ ဆီးချိုနှင့် ဟော်မုန်းဆေးပညာ၊ သွေးရောဂါဆေးပညာ၊ အရိုးအကြောအဆစ် ဆေးပညာရပ်ဆိုင်ရာ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကု ဆေးကုသရေးအဖွဲ့သည် စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ သွားရောက်၍ ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့မှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါခရီးစဉ်အတွင်း နှလုံးရောဂါဆိုင်ရာ လူနာ ၁၁၉ ဦး၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ လူနာ ၇၆ ဦး၊ ဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာလူနာ ၉၂ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ် ရောဂါဆိုင်ရာလူနာ ကိုးဦး၊ ကလေးဦးနှောက်နှင့်အာရုံကြောရောဂါဆိုင်ရာလူနာ ၁၀၉ ဦး၊ သွေးရောဂါဆိုင်ရာ လူနာ ၁၉ ဦး၊ အထွေထွေရောဂါဆိုင်ရာလူနာ ၂၈၇ ဦး၊ ဆီးချိုနှင့်ဟော်မုန်းဆိုင်ရာလူနာ ၅၅ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာလူနာ ၉၇ ဦး၊ သွားနှင့်ခံတွင်းရောဂါဆိုင်ရာလူနာ ၂၆ ဦး၊ မျက်စိရောဂါဆိုင်ရာလူနာ ၂၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာ လူနာ လေးဦး၊ *စာမျက်နှာ ၃ ကော်လံ ၁* ❏

### ယနေ့ ဖတ် စ ရာ




တိုင်းပြည်ဝင်ငွေ တိုးတက်ဖို့ ပုစွန်တိုးချဲ့မွေးကြစို့ — ဆောင်းပါး — စာ ၁၀

တလာဂုဏ် ကရင်လူမျိုးတွေနေထိုင်တဲ့ ရိုးရာရွာလေး ဂုဏ်သာဖေါ်ပေါ်ပါ — ရွှေနိုင်ငံမြင်ကွင်းကျယ် — စာ ၁၆

လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများ မြို့နယ်အသီးသီး၌ ကျင်းပ — ပြည်တွင်းသတင်း — စာ ၁၇

မြန်မာ့အလင်း

# သွင်းကုန်အစားထိုး၊ ပို့ကုန်တိုးမြှင့်ရေး ကုန်ထုတ်လုပ်မှုကဏ္ဍ မြှင့်တင်ပေး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးတို့အတွက် စီးပွားရေးလုပ်ငန်းများထဲတွင် အဓိကကျသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည်။ ယင်းသို့အားပေးရာတွင်လည်း ပြည်တွင်းစီးပွားရေးကို မြှင့်တင်ရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်တိုးမြှင့်နိုင်ရန်အတွက် ကုန်ထုတ်လုပ်မှုကဏ္ဍကို ဦးစားပေး၍ မြှင့်တင်နေခြင်းဖြစ်သည်။

MSME လုပ်ငန်းများအတွက် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သော ကုန်ကြမ်းကိုလည်း ပြည်တွင်းစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသော ထုတ်ကုန်ပစ္စည်းများကို သေချာသည့် ကုန်ကြမ်းများအဖြစ် အသုံးပြုသွားကြရမည်ဖြစ်သည်။ “စားသုံးဆီထုတ်လုပ်မှု၊ ဆန်နှင့်ဆန်ကွဲကို အခြေခံသည့် ထုတ်လုပ်မှု၊ ပီလောပီနံကို အခြေခံသည့် ထုတ်လုပ်မှု၊ ရော်ဘာကိုအခြေခံသည့် ထုတ်လုပ်မှု၊ ဝါကိုအခြေခံသည့်ထုတ်လုပ်မှု၊ ကော်ဖီနှင့်လက်ဖက်ကို အခြေခံသည့်ထုတ်လုပ်မှု၊ သစ်၊ ကြိမ်၊ ဝါးများကိုအခြေခံသည့် ထုတ်လုပ်မှု၊ မွေးမြူရေးအသားငါးကို အခြေခံသည့်ထုတ်လုပ်မှုနှင့် တိရစ္ဆာန်အစားအစာ ထုတ်လုပ်မှုလုပ်ငန်းများသည် မိမိတို့နိုင်ငံအတွက် သေချာသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အလားတူ များစွာသောကုန်ထုတ်လုပ်မှုလုပ်ငန်း နယ်ပယ်များရှိသကဲ့သို့ ဒေသအလိုက်ထူးခြားသည့် လုပ်ငန်းများလည်း ရှိနေမည်ဖြစ်ကြောင်း” နိုင်ငံတော်အကြီးအကဲက ပြောကြားထားရာ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အသုံးပြုပြီး စားသောက်ကုန်များနှင့် လူသုံးကုန်များကို ဈေးကွက်အကြိုက်ထုတ်လုပ်ကြရမည်ဖြစ်သည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ထူထောင်ရာတွင် မြေနေရာရရှိရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး လိုအပ်ချက်များဖြည့်ဆည်းပေးရန်နှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးရန်တို့ကိုလည်း နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရာတွင် (၁) လုပ်ငန်းသစ်များအစပျိုးရာ၌ တွေ့ကြုံရမည့် အခက်အခဲအတားအဆီးများ လျှော့ချရေး၊ (၂) ရင်းနှီးမတည်ငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရေး၊ (၃) အသိပညာပေးခြင်းနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများကို အားကောင်းစေခြင်း၊ (၄) သတင်းကွန်ရက်ချိတ်ဆက်ခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့်သတင်းအချက်အလက် ဖြန့်ဝေမှုအားကောင်းစေခြင်းဖြင့် နိုင်ငံတကာထောက်ပံ့မှုကွင်းဆက်(International Supply Chain)ထဲသို့ ဝင်ရောက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) သည် နိုင်ငံ့စီးပွားရေး၏ ၉၀ ရာခိုင်နှုန်းကျော်ရှိသည်။ MSME များ အရှိန်အဟုန်ဖြင့် တိုးတက်ကြီးထွားလာသည်နှင့်အမျှ နိုင်ငံ၏ စီးပွားရေးမှာလည်း မြင့်မားလာမည်ဖြစ်သည်။ နိုင်ငံတွင် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်ဖြစ်ပေါ်လာစေရန်အတွက် MSME များကို အခြေပြုကာ အကြီးစားစက်မှုလုပ်ငန်းများ၊ နည်းပညာမြင့် စက်မှုလုပ်ငန်းများအဖြစ်သို့ ဆက်လက်တက်လှမ်းသွားနိုင်ရန် ကြိုးပမ်းသွားကြရမှာလည်းဖြစ်သည်။ တစ်ဖက်တွင်လည်း MSME များသည် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်ပြီး ကုန်ကြမ်းထုတ်လုပ်မှုမှသည် ကုန်ချောထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချမှုအထိ ကွင်းဆက်တစ်လျှောက် ပါဝင်လုပ်ကိုင်ကြသူများ ဝင်ငွေရရှိမှု၊ ပြည်တွင်းစားသုံးမှုတိုးတက်မှုတို့က ပြည်တွင်းစီးပွားရေးကို လျင်မြန်သွက်လက်လာစေမည်လည်းဖြစ်သည်။

နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော် နေထိုင်ကြသော ကျေးလက်ဒေသများ၏ စီးပွားရေးမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖြစ်သည်။ စိုက်ပျိုးမွေးမြူထုတ်ကုန်များကို ကုန်ကြမ်းအဖြစ်သုံးစွဲပြီး ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ကြမည့် MSME လုပ်ငန်းများ တိုးတက်အောင်မြင်သည်နှင့်အမျှ ကျေးလက်ဒေသများ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း ရရှိနိုင်မည်ဖြစ်ရာ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် MSME လုပ်ငန်းများ အောင်မြင်စွာဖြင့် ဖွံ့ဖြိုးတိုးတက်မှုတို့ ရရှိနိုင်ကြပါစေကြောင်း။ ။

# အင်းစိန်ခရိုင်တရားရုံး အဆောက်အဦ ပန္နက်တော်တင် တွင်းတော်ဝန်း အခမ်းအနားကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် အမှတ် (၄) လမ်းမကြီးပေါ်ရှိ အင်းစိန်ခရိုင်တရားရုံး အဆောက်အဦသစ် ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါ အဆောက်အဦ တည်ဆောက်မည့်နေရာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာငွေ့ တက်ရောက်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်၊ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးကျော်ကျော်တို့က သတ်မှတ်နေရာအသီးသီး တွင်နေရာယူကာ ပန္နက်တော်တင် တွင်းတော်ဝန်းပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာငွေ့က ပန္နက်တော်တင် တွင်းတော်ဝန်း အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုး ရွာသွန်းပေးပြီး အဆောက်အဦ ဆောက်လုပ်မည့် ပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ အဆောက်အဦကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ၂၀၂၃-၂၀၂၇ (၅) နှစ်တာ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း၊ ပထမနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၃) ၏ မဟာဗျူဟာလုပ်ငန်း နယ်ပယ် (၁)၊ မဟာဗျူဟာ ရည်မှန်းချက် ၁ဒသမ၄၊ မဟာဗျူဟာအစီအစဉ် ၁.၄.၁ နှင့်အညီ စီမံကိန်းချမှတ်၍ ဦးစားပေး အဆင့် (၁) အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ယင်း အဆောက်အဦမှာ အလျား ပေ ၂၀၀၊ အနံ ပေ ၁၄၀ ရှိ သံကူကွန်ကရစ် ငါးထပ် အဆောက်အဦဖြစ်ပြီး M Interior Design ကုမ္ပဏီက တာဝန်ယူတည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ဒေသခံသတင်းမီဒီယာအဖွဲ့အစည်းများနှင့် သွားရောက်တွေ့ဆုံ

**ပန်းတနော် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် သတင်းတု၊သတင်းမှားများ ပပျောက်စေရေးနှင့် ကျင့်ဝတ်ကိုလိုက်နာသော သတင်းမီဒီယာသမားများ ပိုမိုပေါ်ပေါက်လာစေရေးအတွက် ဒေသအသီးသီးသို့ သွားရောက်တွေ့ဆုံလျက်ရှိရာ စက်တင်ဘာ ၁၇ ရက်က ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ ဒေသခံသတင်းမီဒီယာသမားများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သည်။

ဆွေးနွေးပွဲကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့်အတူ အတွင်းရေးမှူး ဦးအောင်ပြည့်စုံ၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ဦး၊ ကောင်စီဝင် ဦးနေလင်း(မောင်ချိုဝေ)တို့က သတင်းမီဒီယာကောင်စီ၏ ရပ်တည်မှု၊ သတင်းသမားများကို အကာအကွယ်ပေးနေမှုနှင့် သတင်းတုသတင်းမှားများ ပပျောက်စေရေးတို့ကို ဦးစားပေး ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ဒေသခံသတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။



ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ရိုက်နှိပ်ထားသည့် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်စာအုပ်များကို ဒေသခံသတင်းမီဒီယာသမားများအား ပေးအပ်လှူဒါန်းသည်။

အခမ်းအနားကို ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာနတွင် ပြုလုပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံ သတင်းမီဒီယာများနှင့် စာရေးဆရာများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ကျောက်ဆည်မြို့နယ်ရှိ ဥဇဘက်ကစ္စတန် ဝါမျိုးစိုက်ခင်းနှင့် စက်ပစ္စည်းကိရိယာထားသိုမှုများကို စစ်ဆေး

**ကျောက်ဆည် စက်တင်ဘာ ၁၇**



မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးမင်းနှင့် စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစန်းအောင်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၄ ရက်က ကျောက်ဆည်မြို့နယ် အင်းကုန်း မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ၊ အမှတ်(၂) စက်ပြင်စက်ရုံ၊ ကျားကာကျေးရွာအုပ်စု ကုလကျေးရွာ မိုးစပါးမျိုးခြောက်မျိုး မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်၊ R.S to C.S . မျိုးစေ့ထုတ် ဧက ၄၀၀၊ နိုင်ငံ့စီးပွားရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မိုးစပါး ဧက ၄၀၀၊ ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)တွင် စမ်းသပ်စိုက်ပျိုးထားသော ဥဇဘက်ကစ္စတန်ဝါမျိုး စိုက်ခင်းနှင့် စက်ပစ္စည်းကိရိယာများထားသိုမှု၊ ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးသုတေသနခြံရှိ ရက် ၉၀ စပါးမျိုး မျိုးစေ့ထုတ်စိုက်ခင်းနှင့် မျိုးယှဉ်ပြိုင် စမ်းသပ်ကွက်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ခြံ/ စိုက်ကွင်းများတွင် တောင်သူများ အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် စက်ကိရိယာများနှင့် ပြင်ဆင်ရမည့် ခြံလုပ်ငန်းသုံးပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများကို အင်းကုန်းမြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံနှင့် ပူးပေါင်းချိတ်ဆက် ပြင်ဆင်ဆောင်ရွက်ရန်၊ ခြံ/ စိုက်ကွင်း/ စက်ရုံများရှိ စက်ကိရိယာပစ္စည်းများကို စနစ်တကျထားရှိရန် မှာကြားကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၇

**၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၉) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေ လုပ်အားပေး ဆောင်ရွက်ခဲ့ကြသည်။**



### ခုတ်ထွင်ရှင်းလင်း

စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း စုစုပေါင်း ၇၀၀ တို့က ဆေးရုံကြီးဝင်း အတွင်း/အပြင် သန့်ရှင်းသာယာလှပရေး အတွက်ဆောင်ရွက်ခြင်း၊ ဆေးရုံ အဆောက်အအုံများပေါ်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များအား ဖယ်ရှားရှင်းလင်းခြင်း၊ အဆောက်အအုံဘေးထိစပ်နေသော သစ်ကိုင်းများ၊ သစ်ပင်ကြီးများအား အမြင်တင့်တယ်စေရေး၊ လေဝင်/လေထွက် ကောင်းမွန်စေရေးနှင့် အလင်းပွင့်စေရေးအတွက် ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

### ကြည့်ရှုအားပေး

အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ရဲအရာရှိကြီးများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာရဲမြင့်နှင့် ဆေးရုံတာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးကာ **(အပေါ်ပုံ)** စုပေါင်းသန့်ရှင်းရေး လုပ်အားပေး ဆောင်ရွက်သည့် တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများကို ရေသန့်၊ ကော်ဖီ၊ ဆီထမင်းနှင့် အကြော်စုံတို့ဖြင့် ဧည့်ခံကျွေးမွေးသည်။

စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းများနှင့် အတူ ဆေးရုံကြီးရှိ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ပျော်ရွှင်စွာဖြင့် အတူတကွ စုပေါင်းသန့်ရှင်းရေး လုပ်အားပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် နိုင်ငံများအတွက် သွင်းကုန်နှင့် ပို့ကုန်အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုညီလာခံ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပသည့် ခေတ်သစ်ပိုးလမ်းမကြီး ဖော်ဆောင်မှု (Belt and Road Initiative – BRI) တွင် ပါဝင်သည့် နိုင်ငံများအတွက် သွင်းကုန်နှင့် ပို့ကုန်အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုညီလာခံသို့ တက်ရောက်သည်။



အဆိုပါညီလာခံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးက အဖွင့်မိန့်ခွန်းပြောကြားပြီး GACC ၏ ဒုတိယဝန်ကြီး Mr. Lv. Weihong က ညီလာခံကို ဦးဆောင်ကျင်းပရာ တရုတ်နှင့် ခေတ်သစ်ပိုးလမ်းမကြီး ဖော်ဆောင်ရာတွင်ပါဝင်သည့် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ နိုင်ငံအသီးသီးမှ ပို့ကုန် သွင်းကုန်အစားအစာ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ညီလာခံတွင် ပြည်ထောင်စုဝန်ကြီးက Promoting Agricultural commodities Trade through Harmonization and Tightening of Food Safety standards among BRI Countries ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးပြောကြားရာတွင် ခေတ်သစ်ပိုးလမ်းမကြီး ဖော်ဆောင်မှုတွင် တရုတ်နိုင်ငံအနေဖြင့် အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းများတွင် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုများ ထည့်ဝင်ဆောင်ရွက်လျက်ရှိရာ ခေတ်သစ်ပိုးလမ်းမကြီး ဖော်ဆောင်မှုတွင် ပါဝင်သောနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရေးအတွက် အဓိကအခန်းကဏ္ဍအဖြစ် ဖြစ်တည်လျက်ရှိပါကြောင်းနှင့် ခေတ်သစ်ပိုးလမ်းမကြီးဖော်ဆောင်မှုတွင်ပါဝင်သော အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုန်သွယ်မှုများတွင် နည်းပညာအသစ်များအသုံးပြုခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များ ရိုးရှင်းလွယ်ကူစေရေး၊ တစ်သမတ်တည်းဖြစ်စေရေးနှင့် လုပ်ထုံးလုပ်နည်းနှင့် အခြားအုပ်ချုပ်မှု အတားအဆီးများကို ဖြေရှင်းရန်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

အဆိုပါညီလာခံအပြီးတွင် Terms of Reference for Institutional cooperation in Import and Export Food Safety for the Countries of the Belt and Road Initative – TOR ကို တက်ရောက်လာကြသည့် BRI အဖွဲ့ဝင်နိုင်ငံ ကိုယ်စားလှယ်များက ပါဝင်လက်မှတ်ရေးထိုးကြပြီး ပူးတွဲကြေညာချက် (Joint Statement) ကို ထုတ်ပြန်ခဲ့သည်။

အစည်းအဝေးမကျင်းပမီ နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ – GACC တို့အကြား လယ်ယာထွက်ကုန်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်နိုင်ရေး အတွက် လိုအပ်သောအပင်ပိုးမွှားရောဂါ ကင်းရှင်းရေး၊ တိရစ္ဆာန် (သား/ငါး )ရောဂါ ကာကွယ်ထိန်းချုပ်ခြင်း လိုအပ်ချက်သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲ၌ နှစ်နိုင်ငံ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး အတွက် လယ်ယာ၊ သား၊ ငါးထွက်ကုန်များ၏ ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ သဘောတူစာချုပ် (မူကြမ်း) များကို နှစ်ဖက်ညှိနှိုင်းဆောင်ရွက်နေမှု၊ နာနတ်သီး၊ ပဲပုပ်၊ ကန်စွန်းဥ၊ ပီလောပီနံ၊ စပါးမျိုးစေ့၊ မွေးမြူရေးထွက်ကုန်အရှင်များ တင်ပို့နိုင်ရေးအတွက် သဘောတူစာချုပ် ထပ်မံလက်မှတ်ရေးထိုးရေးဆိုင်ရာ ကိစ္စများ၊ မက္ကဒေးမီးယား၊ ပြောင်းစေ့ချပ် (Corn flake)၊ ကွမ်းသီးစိမ်းတို့၏ ဈေးကွက်ဆန်းစစ်ချက်ဆိုင်ရာ အချက်အလက်များ၊ လယ်ယာထွက်ကုန်များ၏ ကုန်သွယ်မှုမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို နှစ်ဖက်ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သဘာဝမှ ဖမ်းဆီးရရှိသည့် ရေထွက်ကုန်ပစ္စည်းများနှင့် မွေးမြူရေး ရေထွက်ကုန်ပစ္စည်းတင်ပို့ရေး၊ အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက် သဘောတူစာချုပ်များ ချုပ်ဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❑ ***ရှေ့ဖုံးမှ***

အရိုးရောဂါဆိုင်ရာ လူနာ ၈၆ ဦး၊ သားဖွားမီးယပ်လူနာ သုံးဦး၊ စုစုပေါင်းဒေသခံပြည်သူ ၁၀၀၈ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့ပြီး နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း(Echocardiography) ၇၁ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း (OGDS) ၁၅ ဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုခြင်း(Colonoscopy) ငါးဦး၊ အစာအိမ်ရောဂါ ပိုးစစ်ဆေးခြင်း (H.pylori test) ခြောက်ဦး၊ အစာအိမ်အူလမ်းကြောင်းသွေးယိုစီးမှု ကုသမှုပေးခြင်း (Rubber band ligation) လေးဦး၊ ကွန်ပျူတာ ဓာတ်မှန်ဖြင့် စစ်ဆေးခြင်း(CT scan) နှစ်ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၄၉ ဦး၊ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်း ၁၃၈ ဦး၊ Ultrasound ရိုက်ကူးခြင်း ၄၂ဦး၊ နှလုံးစက်ဖြင့်စစ်ဆေးခြင်း (ECG) ၂၁၅ဦး တို့ကို စစ်ဆေးကုသပေးနိုင်ခဲ့သည်။

### လွှဲပြောင်းဆောင်ရွက်

လာရောက်ပြသသော လူနာများတွင် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၀ မြို့နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ ပါဝင်ပြီး ဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာ လူနာ နှစ်ဦး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ရောဂါဆိုင်ရာ လူနာ သုံးဦး၊ နှလုံးရောဂါဆိုင်ရာလူနာ ၁၀ ဦးနှင့် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာလူနာ နှစ်ဦး တို့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လည်းကောင်း၊ ကလေးဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာလူနာ ၁၂ ဦးကို ကလေးဆေးရုံကြီး – ရန်ကုန်သို့ လည်းကောင်း လိုအပ်သောစမ်းသပ်ကုသမှုများ ဆက်လက်ခံယူနိုင်စေရေး လွှဲပြောင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

### ကြည့်ရှုအားပေး

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် ပြည်နယ်ဝန်ကြီးများနှင့် အတူ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့၌ လာရောက်ပြသကုသမှု ခံယူကြသော လူနာများကိုကြည့်ရှုအားပေးပြီး နေ့လယ်စာ စားသောက်ဖွယ်ရာများ လှူဒါန်းခြင်း၊ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများကို တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကား ပြောကြားကာ ဒေသထွက် လက်ဆောင် ပေးအပ်ခဲ့သည်။ အလားတူ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်သည် ယင်းနေ့ ညပိုင်းတွင်ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများနှင့်အတူ ဂုဏ်ပြုညစာ အတူသုံးဆောင်ခဲ့သည်။

### ဆက်လက်ဆောင်ရွက်မည်

အထူးကုဆေးကုသရေး အဖွဲ့များသည် ၂၀၂၃ ခုနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သုံးကြိမ်နှင့် ပုသိမ်မြို့၊ တောင်ကြီးမြို့၊ မကွေးမြို့၊ ပြည်မြို့၊ မိတ္ထီလာမြို့နှင့် မြိတ်မြို့များသို့ သွားရောက်၍ဆေးကုသမှုများ ဆောင်ရွက်ပြီးဖြစ်ကာ ကျန် တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ပူတာအိုမြို့အား ခရီးသွားများအား ပိုမိုဆွဲဆောင်နိုင်သည့် မြို့ပြတစ်ခုဖြစ်လာစေရေး ကွင်းဆင်းစစ်ဆေး

ပူတာအို စက်တင်ဘာ ၁၇

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပူတာအိုမြို့လေဆိပ်မှ မြို့ဝင်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြသည်။**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့်အဖွဲ့သည် ပူတာအိုမြို့ လုံးစွတ်ရပ်ကွက်အတွင်း ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် မိုးစပါးစံပြစိုက်ကွင်းဘေး လမ်းဘေးဝဲ/ ယာတစ်လျှောက် စည်ပင်သာယာရေးအဖွဲ့မှ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဘေးဝဲ/ယာရှိ သစ်ပင်ချုံနွယ်များ ရှင်းလင်းဆောင်ရွက်ရေး မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက်အဆိုပါပြည်ထောင်စုလမ်းမဘေးရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် မတ်ပန်ခြံ၌ ကျွဲကောပင်များ စိုက်ပျိုးဖြစ်ထွန်းမှု၊ ဂရိတ်ဖရုကိုင်းဆက်မျိုးပွား ပျိုးပင်များ ပျိုးထောင် စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဂရိတ်ဖရုပျိုးပင်များ ဖြန့်ဝေဆောင်ရွက်နိုင်မှုအခြေအနေများကို မေးမြန်းဆွေးနွေးကာ ခြံစိုက်တောင်သူများအပြင် ဒေသခံများ၏ ခြံဝင်းများတွင် စိုက်ပျိုးဆောင်ရွက်နိုင်ရေး တိုးချဲ့ပျိုးထောင်ထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်နှင့် ပြည်နယ် ဝန်ကြီးချုပ်တို့သည် လုံးစွတ်ရပ်ကွက်နှင့် လေယာဉ်ကွင်း ရပ်ကွက်ချင်းဆက် နေရာရှိ ပြည်ထောင်စုလမ်းမဘေး၌ စည်ပင်သာယာရေးအဖွဲ့က မြေယာရှုခင်း ပြုပြင်၍ Welcome to Putao စာလုံးပုံဖော်၍ အလှတပ်ဆင်ဆောင်ရွက်ထားရှိမှုကို သစ်လွင်တောက်ပသည့် ဆေးရောင်ခြယ်သနိုင်ရေးနှင့် လမ်းဘေးတစ်လျှောက် စိုက်ပျိုးထားသည့်



စက္ကူပန်းပင်များ ရှင်သန်ဖြစ်ထွန်းစေရန် ပြုစုပျိုးထောင်သွားနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပူတာအိုလေဆိပ်အဝင် ဆိုင်းဘုတ်နေရာ၌ လမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာလှပရေး၊ အလှပန်းပင်များ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် လေဆိပ်ဝင်းအတွင်း ပန်းအလှပင်များ ပုံဖော်စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး "ပူတာအိုမြို့မှ ကြိုဆိုပါ၏" ဆိုင်းဘုတ်အား အသစ်ပြုပြင် ဆောင်ရွက်နိုင်ရေး၊ လေဆိပ် အဆောက်အအုံနှင့် ပတ်ဝန်းကျင်တစ်ခုလုံး သန့်ရှင်းရေး၊ သာယာလှပလာစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်**

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်နှင့် ပြည်နယ် ဝန်ကြီးချုပ်တို့သည် လေယာဉ်ကွင်း ရပ်ကွက်အတွင်း လမ်းဆုံနေရာ၌ မြို့ဝင်ရုပ်တုပန်းခြံ ဆောင်ရွက်ထားရှိမှုနှင့် လမ်းမကြီးတစ်လျှောက် သန့်ရှင်းသပ်ရပ်မှုရှိစေရေး လှည့်လည်ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပူတာအိုဒေသသည် အရှေ့တောင်အာရှတွင် တစ်ခုတည်းသော ရေခဲတောင်ရှိရာ ဒေသဖြစ်သည်နှင့်အညီ ခရီးသွားလုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာနိုင်မည်ဖြစ်သဖြင့် မြို့ပြသန့်ရှင်းသာယာလှပရေးစဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ခရီးသွားများအား ဆွဲဆောင်ရာတွင် ဒေသခံတိုင်းရင်းသားတို့၏ ဓလေ့ထုံးစံရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ပြသသွားရန် လိုအပ်ကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် လုံးစွတ်ရပ်ကွက်အတွင်းရှိ နမ်ထွမ်ချောင်းတံတားမှတစ်ဆင့် ချောင်းရေစီးဆင်းမှုအခြေအနေနှင့် ကောင်ကထောင်ရပ်ကွက်အတွင်း လမ်းဘေး ဝဲ/ယာတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပူတာအိုတပ်နယ်အတွင်းရှိ တပ်ထောက်စေတီတော် တည်ထားကိုးကွယ်ထားရှိမှုကို လှည့်လည်ကြည့်ညိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အယ်လ်နီညိုရာသီဥတုဖြစ်၍ ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးနိုင်ရေး ချောင်းပိတ် / မြောင်းပိတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထား

ပဲခူး စက်တင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးအဆင့် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မိုးစပါးစိုက်ပျိုးရာသီ ကုန်ဆုံးသွားပြီဖြစ်၍



ကြုံတွေ့ခဲ့ရသည့် အားသာချက်/အားနည်းချက်များကို သုံးသပ်ဆွေးနွေးရန်လိုအပ်ကြောင်း၊ လာမည့် ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးရာသီများအတွက် လိုအပ်သည့် အထွက်တိုး မျိုးကောင်းမျိုးသန့်များ ကြိုတင်စုဆောင်းနိုင်ရေး ချိတ်ဆက်ထားရန်လိုအပ်ကြောင်း၊ လယ်မြေအလိုက်၊ လိုအပ်သည့် သွင်းအားစုအလိုက် အချိုးအစားမှန်ကန်စွာဖြင့် သုံးစွဲနိုင်ရေး အသိပညာပေးရန် လိုအပ်ကြောင်း၊ အယ်လ်နီညိုရာသီဥတုဖြစ်၍ ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးနိုင်ရေး ချောင်းပိတ်/မြောင်းပိတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ နှင့် Water Use Group အဖွဲ့များအနေဖြင့် စိုက်ပျိုးရေများ လေလွင့်မှုမရှိစေရေး စနစ်တကျသုံးစွဲရန် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့များက အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရေဝင်ရောက်မှုနည်းသည့် တမံများ၏ ဆည်ရေသောက်ဧရိယာများတွင် ရေအနည်းငယ်လိုစပါးမျိုးများ ကြိုတင်ဖြန့်ဝေပေးထားရန်လိုအပ်ကြောင်း၊ မင်းလှမြို့နယ်အတွင်း ယခင်က တစ်နှစ်တစ်သီးသာ စိုက်ပျိုးနိုင်ခဲ့သည့် လယ်ယာမြေဧက ၁၀၀၀ တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တစ်နှစ်နှစ်သီး တိုးချဲ့စိုက်ပျိုးနိုင်ရေး စက်ရေတွင်း ၃၀၀ တူးဖော်ဆောင်ရွက်ပေးမည့် အစီအစဉ်အပေါ် ဒုတိယသီးနှံကို ရေ၊ မြေ၊ သဘာဝ၊ ရာသီဥတုနှင့် ကိုက်ညီသည့် သီးနှံများစိုက်ပျိုးနိုင်ရေး မြေပြင်ကွင်းဆင်း အသိပညာပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးအဆင့် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

(၁၇-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၆-၉-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၇-၉-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၉၂၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးနှင့် ဥပဒေရေးရာကိစ္စရပ်များအား ထပ်ဆင့်ရှင်းလင်း

စစ်တွေ စက်တင်ဘာ ၁၇

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲမှ လုပ်ငန်းလမ်းညွှန်ချက်များနှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် ဥပဒေချုပ်ရုံး၌ ကျင်းပသည်။



ထပ်ဆင့်ရှင်းလင်းပွဲတွင် ရခိုင်ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းက ဥပဒေရေးရာဝန်ကြီးဌာနတွင် စက်တင်ဘာ ၂ ရက်က ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲမှ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းသည်။ **(အပေါ်ပုံ)**

ထို့နောက် ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဥပဒေအရာရှိက ပြန်လည်ဆွေးနွေးခဲ့ပြီး ပြည်နယ်ဥပဒေချုပ်က နိဂုံးချုပ်စကားပြောကြားသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ဘောလခဲခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် တွေ့ဆုံ

**လွိုင်ကော် စက်တင်ဘာ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းသည် ကယားပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၅ ရက်က ဘောလခဲမြို့နယ်သို့ သွားရောက်ကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် အဖွဲ့သည် ဘောလခဲမြို့နယ် ညှော့ရိပ်သာသို့ ရောက်ရှိပြီး ဘောလခဲခရိုင်/မြို့နယ်များမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်က အဖွင့်အမှာစကားပြောကြား၍ ခရိုင်အဆင့် / မြို့နယ်အဆင့် ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် အဖွဲ့သည် နယ်မြေခံ တပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ၊ ပြည်သူများအား လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

**ဆက်ကပ်လှူဒါန်း**

စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘောလခဲမြို့ မင်းကျောင်းဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဘောလခဲမြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဘောလခဲခရိုင် ရဲတပ်ဖွဲ့မှူးရုံးသို့ ရောက်ရှိကာ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် အဖွဲ့သည် ဘောလခဲမြို့နယ် ဆင်ဖြူရှင်ခန်းမသို့ရောက်ရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်အပေါ် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများအား ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကြသည်။ **(အပေါ်ပုံ)**



မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် အဖွဲ့သည် ဖားဆောင်းမြို့နယ်သို့ရောက်ရှိကာ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသူများအား အခြေခံစားသောက်ကုန်နှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် ဖားဆောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံအတွင်း ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ဖားဆောင်းမြို့နယ် မွေတော်ပရိယတ္တိစာသင်တိုက်သို့ရောက်ရှိကာ မြို့နယ်အတွင်းရှိ ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဖားဆောင်းမြို့နယ် မြို့မရဲစခန်းသို့သွားရောက်၍ တာဝန်ထမ်းဆောင်နေကြသော ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကယားပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ တည်ဆောက်ရေးကုမ္ပဏီဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများကို အရည်အသွေး ပြည့်မီစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျကြီးကြပ်ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ပြီးစီးသည့် ဝန်ထမ်းအိမ်ရာများနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တည်ဆောက်နေသည့် ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

**ငါးသားပေါက် ကိုးသောင်းထောက်ပံ့**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် အဖွဲ့သည် လွိုင်ကော်မြို့ နောင်ယားကန် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးမွေးတောင်သူများသို့ ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကြပြီး နောင်ယားကန် သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကောင်ရေ နှစ်သိန်း နှစ်သောင်း ငါးထောင် စိုက်ထည့်ပေးကြကာ သတ္တပလူကျေးရွာနှင့် မှုံပြာကျေးရွာများမှ ငါးမွေးတောင်သူများ၊ ဒီးမော့ဆိုမြို့နယ် ကျွန်းတောကျေးရွာနှင့် နန်းစံခန်းကျေးရွာမှ စပါး/ငါးတွဲဖက်မွေးမြူနေသည့် ငါးမွေးတောင်သူများအား ငါးသားပေါက်ကောင်ရေ ကိုးသောင်းကို အခမဲ့ ထောက်ပံ့ပေးအပ်ကြသည်။ **သတင်းစဉ်**

# အောက်တိုဘာလမှစ၍ မန္တလေးရှိ ယဉ်ကျေးမှုဇုန်နှစ်ခု၌ ဇုန်ဝင်ကြေး တိုးမြှင့်ကောက်ခံမည်

**မန္တလေး စက်တင်ဘာ ၁၇**

လာမည့် အောက်တိုဘာ ၁ ရက်မှစ၍ မန္တလေးရှိ ယဉ်ကျေးမှုဇုန် နှစ်ခု၌ ယဉ်ကျေးမှုဇုန်ဝင်ကြေးများ ပြောင်းလဲကောက်ခံမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) မှ သိရသည်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံခြားသားခရီးသွားများ အများဆုံးလာရောက်လေ့ရှိသည့် မန္တလေးယဉ်ကျေးမှုဇုန်နှင့် အင်းဝ၊ ပင်းတယ ယဉ်ကျေးမှုဇုန်များတွင် ဇုန်ဝင်ကြေးများ တိုးမြှင့်ကောက်ခံမည်ဖြစ်သည်။

"အောက်တိုဘာ ၁ ရက်ကနေစပြီးတော့ မန္တလေးယဉ်ကျေးမှုဇုန်နဲ့ အင်းဝ၊ ပင်းတယ ယဉ်ကျေးမှုဇုန်နှစ်ခုမှာ နိုင်ငံခြားသား ခရီးသွားတွေအတွက် ဇုန်ဝင်ကြေးကို ငွေကျပ် တစ်သောင်းခွဲအဖြစ် ပြောင်းလဲကောက်ခံတော့မှာဖြစ်ပါတယ်။ စက်တင်ဘာလအထိကတော့ ဇုန်ဝင်ကြေး ငွေကျပ်တစ်သောင်း သတ်မှတ်ထားပါတယ်"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ) ညွှန်ကြားရေးမှူး ဒေါက်တာ သန်းထိုက်က ပြောသည်။

အဆိုပါ ယဉ်ကျေးမှုဇုန်နှစ်ခု၌ နိုင်ငံခြားသားခရီးသွားများ လေ့လာနိုင်ရန် ယခုနှစ်ထဲတွင် မန္တလေးယဉ်ကျေးမှုဇုန်အတွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီး၊ ရွှေကျောင်း အစရှိသည့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများကို နိုင်ငံတော်မှ ကျပ်သန်းပေါင်းများစွာအကုန်အကျခံပြီး ရေးမူမပျက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးထားသကဲ့သို့ အင်းဝရှိ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများကိုလည်း နိုင်ငံတော်မှ အကုန်အကျခံကာ ထိန်းသိမ်းစောင့်ရှောက်ရေးများ စဉ်ဆက်မပြတ် ဆောင်ရွက်ထားကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

အောက်တိုဘာလထဲတွင် စတင်၍ နိုင်ငံခြားသားများအား ယဉ်ကျေးမှုဇုန်ဝင်ကြေးများ ပြောင်းလဲသတ်မှတ်ကောက်ခံမည်ဖြစ်ပြီး လာမည့်ပွင့်လင်းရာသီတွင် ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်း၌လည်း လုံးချင်းတည်းခိုခန်းခများကို ငွေကျပ် ၃၀၀၀၀ မှ ငွေကျပ် ၅၀၀၀၀ သို့ ပြောင်းလဲကောက်ခံတော့မည်ဖြစ်ကြောင်း သိရသည်။

**TC**

*❊ ကျောဖုံးမှ*

အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ် ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**သံလွင်မြစ်**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန် ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ် အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေ ကျောက်ဖြူခရိုင်နှင့် တောင်ကုတ်ခရိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု

**စစ်တွေ စက်တင်ဘာ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေသည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်များသို့သွားရောက်ပြီး အဆိုပါမြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံကြကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်နှင့် အဖွဲ့သည် ကျောက်ဖြူပညာရေးဒီဂရီကောလိပ်သို့ သွားရောက်ပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ပညာရေးဒီဂရီကောလိပ် ပင်မစာသင်ဆောင် ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ အစိုးရနည်းပညာကောလိပ် (ကျောက်ဖြူ)၌ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံ ပြီး အနာဂတ်ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွင် အားထားရမည့်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးရန် သင်ကြားပေးနေသည့် ကျောင်းဖြစ်သည့်အတွက် နည်းစနစ်မှန်စွာဖြင့် စနစ်တကျစေတနာထားကာ စာတွေ့လက်တွေ့ သင်ကြားပေးကြစေလိုကြောင်း မှာကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့်အဖွဲ့သည် ရမ်းဗြဲမြို့နယ် ကုန်ဘောင်ကျေးရွာအနီးတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းပြီး မိုးစပါးမျိုးစေ့ထုတ်စံပြစိုက်ကွင်း ဖြစ်ထွန်းအောင်မြင်နေမှုနှင့် ယူရီးယားဓာတ်မြေဩဇာနှင့် စူပါဘိုကာရှီသဘာဝမြေဩဇာရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲသို့ သွားရောက်ကြည့်ရှုအားပေးကြသည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့်အဖွဲ့သည် ရမ်းဗြဲမြို့သို့ သွားရောက်ပြီး ရမ်းဗြဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရမ္မာဝတီခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်က ရခိုင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးသည် အဓိကဖြစ်သည့်အတွက် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ဆက်လက်၍ တက်ရောက်လာကြသော မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ မြို့တွင်းလမ်းများ ကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့်အဖွဲ့သည် ရန်ကုန်- ကျောက်ဖြူလမ်း (မအီ- ကျောက်ဖြူအပိုင်း) ပေါ်ရှိ စနဲပေါက်တံတားတည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး စေတနာထားဆောင်ရွက်ကြရန် မှာကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့်အဖွဲ့သည် တောင်ကုတ်တက္ကသိုလ် နှစ်ထပ်စာသင်ဆောင် (ဘွဲ့နှင်းသဘင်ခန်းမ) တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တောင်ကုတ်မြို့နယ်ခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံသည်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ကာ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသထွက်ကုန်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်နိုင်ရန် ဆောင်ရွက်နေမှု၊ ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်လူရွယ်များ ပေါ်ထွန်းလာစေရေးအတွက်ဆောင်ရွက်နေမှု၊ လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်မှုရှိစေရေးအတွက် အလေးထားဆောင်ရွက်နေမှုနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေရေးတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများက တောင်ကုတ်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနအလိုက် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်က မဟော်သဓာကိုယ်ပိုင်အထက်တန်းကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲဖွင့်ပွဲတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၇**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပသည့် အကြိမ်(၂၀) မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲဖွင့်ပွဲသို့ တက်ရောက်ပြီး ခင်းကျင်းပြသထားသည့် စက်မှုပစ္စည်းများ၊ လျှပ်စစ်သုံးယာဉ်များနှင့် ပြန်ပြည့်မြဲစွမ်းအင်သုံးစနစ်များကို ကြည့်ရှုသည်။ **(ယာပုံ)**



မွန်းလွဲပိုင်း၌ ဒုတိယဝန်ကြီးသည် နန်နင်းသက်မွေးနည်းပညာကောလိပ်သို့ရောက်ရှိရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများက ကြိုဆိုကြသည်။ အစည်းအဝေး၌ ဒုတိယဝန်ကြီးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် မျှော်မှန်းဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရန် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ဒေသထွက်တန်ဖိုးမြှင့်ထုတ်ကုန်များဆိုင်ရာ MSMEs များကို မြှင့်တင်ဆောင်ရွက်နေကြောင်း၊ ယခုနှစ်မှစ၍ စက်မှု - စိုက်ပျိုး - မွေးမြူရေး အထက်တန်းကျောင်းများကိုပါ ဖွင့်လှစ်ကာ တိုးမြှင့်မွေးထုတ်နေကြောင်း ပြောကြားပြီး အရည်အသွေးပြည့်မီသည့် နည်းပညာရှင်၊ သက်မွေးပညာရှင်များကို စဉ်ဆက်မပြတ် ပျိုးထောင်နိုင်ရေးနှင့် နည်းပညာသစ်များကို အသုံးချ၍ ထုတ်ကုန်ကဏ္ဍများ မြင့်မားရေးတို့တွင် ကူးလူးဖလှယ်၍ ပူးပေါင်းဆောင်ရွက်ရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ကောလိပ်အတွင်းရှိ ကျောင်းများတွင် စာသင်ခန်းများ၊ လက်တွေ့အလုပ်ရုံများ၊ အဆောင်များ၊ စားသောက်ဆောင်များ၊ အားကစားကွင်းများနှင့် စာကြည့်တိုက်တို့၌ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❍ *ကျောဖုံးမှ***

ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် စက်တင်ဘာ ၂၁ ရက်တွင် တရုတ်အသင်း၊ စက်တင်ဘာ ၂၄ ရက်တွင် အိန္ဒိယအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးလေးသင်း စုစုပေါင်း ၁၆ သင်း နောက်တစ်ဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**သတင်း-ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

**❖ *ရှေ့ဖုံးမှ***

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## သာစည်မြို့အဝင်ဆိုင်းဘုတ်အနီး ကျွန်းပင်များ စိုက်ပျိုး

**သာစည် စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းစိုက်ခင်း၌ ကျွန်းပင်များ စိုက်ပျိုးပွဲကို စက်တင်ဘာ ၁၇ ရက် နံနက်က မိတ္ထီလာ-တောင်ကြီးကားလမ်းဘေး မိုင်တိုင်အမှတ်(၁၁/၇) မှ(၁၂/၀)ကြား သာစည်မြို့ အဝင်ဆိုင်းဘုတ်အနီး၌ ပြုလုပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးဇော်မင်းထွန်း-၂ နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ရတနာတန်းဝင်ကျွန်းပင် ၃၃၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်တို့နှင့် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မက်မန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများတွေ့ဆုံ





**မက်မန်း စက်တင်ဘာ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မက်မန်းမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မက်မန်းခရိုင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မြို့ပြနှင့် ကျေးလက်ကွာဟမှုမရှိအောင် ဟန်ချက်ညီညီ ဆောင်ရွက်နေပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းသာယာရေးအတွက် ဒေသရှိပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုပါကြောင်း၊ ပညာရေးကဏ္ဍသည် နိုင်ငံတော်အတွက် အရေးကြီးသောကြောင့် နိုင်ငံတော်က ပညာရေးစနစ် တိုးတက်စေရေး ဆောင်ရွက်နေသည့်အချိန်တွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစားပေးကြရန် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တက်ရောက်လာကြသော ဒေသခံပြည်သူများနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများက ဒေသလိုအပ်ချက်များ တင်ပြဆွေးနွေးကြရာ တင်ပြဆွေးနွေးမှုများအပေါ် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဖြည့်စွက်ဆွေးနွေး၍ လတ်တလောလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင်၊ မြို့နယ်ရှိဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ ဦးညီနပ်တို့က စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်ကြရာ တာဝန်ရှိသူများကလည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် VDP ရန်ပုံငွေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ ဦးညီနပ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်ညွှန်ကြားရေးမှူးတို့က စီမံကိန်းဖြစ်ကျေးရွာ ၁၀ ရွာသို့ ထောက်ပံ့ပေးအပ်ရာ ကျေးရွာ အုပ်ချုပ်ရေးမှူးများက လည်းကောင်း လက်ခံရယူကြသည်။

ဆက်လက်၍ မက်မန်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ပညာဒီပဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒသိရီအား ဖူးမြော်ကြည်ညို၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်နယ်ဝန်ကြီးချုပ်၊ “ဝ” ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ ဦးညီနပ်၊ တိုင်းရင်းသားရေးရာဝန်ကြီးတို့က နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် မက်မန်းမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများကို အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ကြပြီး ဆေးရုံအတွက် ချီးမြှင့်ငွေများပေးအပ်ရာ ဆေးရုံတာဝန်ရှိသူတို့က လက်ခံရယူကြသည်။ ယင်းနောက် ရှမ်းပြည်နယ် အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော မက်မန်းမြို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် ဥစားကြက်မွေးမြူရေး သရုပ်ပြခြံနှင့် မျိုးဝက်သိုးခြံ၊ နေဗီယာမြက်စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ နယ်ခြားစောင့်တပ်မှ ကြက်ကောင်ရေ ၃၀၀ မွေးမြူထားသော ကြက်ခြံကိုလည်းကောင်း သွားရောက်ကြည့်ရှုကြသည်။ **(ဝဲပုံ)**

ယမန်နေ့မွန်းလွဲပိုင်းကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်တို့သည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ လားရှိုးမြို့ အစိုးရနည်းပညာ အထက်တန်းကျောင်းသို့သွားရောက်၍ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို အားပေးစကားပြောကြားပြီး အစိုးရနည်းပညာ အထက်တန်းကျောင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် လားရှိုးမြို့ ဇမ္ဗူအေးအေတီတပ်ဦးကျောင်း ပရိယတ္တိစာသင်တိုက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သာသနဓဇဓမ္မာစရိယ ဆရာတော်နှင့် သာသနာ့ ၂၅၀၀ ဘုန်းတော်ကြီးကျောင်း ဆရာတော်တို့အား ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် လားရှိုးမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကိုလည်းကောင်း၊ လားရှိုးမြို့ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းကိုလည်းကောင်း သွားရောက်၍ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို အားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်ရာ ကျောင်းအုပ်ကြီးနှင့် ဆရာမများက လက်ခံရယူကြသည်။ ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေး သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းခန်းကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ **သတင်းစဉ်**



## ဟုမ္မလင်းမြို့၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ဟုမ္မလင်း စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရွှေပြည်စိုးစံ ကိုယ်ပိုင်ကျောင်းတို့ ပူးပေါင်းကျင်းပသော ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ဟုမ္မလင်းမြို့နယ် နောင်ပိုကျေးရွာ ရွှေပြည်စိုးစံ ကိုယ်ပိုင်စာသင်ကျောင်းဆောင် ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ စကားဝိုင်းတွင် ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောက်က လူငယ်စကားဝိုင်းကို ကျောင်းသားကျောင်းသူများအား ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြင်ပစာပေဗဟုသုတများကို ဖတ်ရှုလေ့လာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်ပညာရေးမှူး ဦးချစ်ငွေနှင့် ရွှေပြည်စိုးစံကိုယ်ပိုင်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး Dr စောနေဂေါ်ထူးက ထပ်ဆင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပရာ ရွှေပြည်စိုးစံကိုယ်ပိုင်ကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစားနှင့်ကျန်းမာရေး၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် သဘာဝပတ်ဝန်းကျင် ခေါင်းစဉ်များဖြင့် ဆွေးနွေးသည်။

ထို့နောက် ဗလငါးတန် ဖွံ့ဖြိုးရေးလူငယ်စကားဝိုင်းတွင် ဆုရရှိသူများ၊ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါ စကားဝိုင်းတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၆၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **လင်းလင်း(ပြန်/ဆက်)**



## လှိုင်းကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားနိုင်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၇**

ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂေး အယ်လယ်နိခ်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စက်တင်ဘာ ၁၄ ရက် ညပိုင်းတွင် ရောက်ရှိခဲ့ရာ လေဆိပ်၌ မြန်မာကိုယ်စားလှယ်အဖွဲ့အား မင့်စ်မြို့၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ဝန်ထမ်းများနှင့် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂေး အယ်လယ်နိခ်အား ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးသန့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ယုံကြည်မှု၊ နားလည်မှုနှင့် တန်းတူရည်တူရှိမှုတို့ကို အခြေခံကာ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံဆွေးနွေးပွဲကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂေး အယ်လယ်နိခ်တို့က ပူးတွဲဦးဆောင်ကျင်းပခဲ့ကြရာ ဘယ်လာရုစ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရော်ဂန်နီး ရှက်စသာကော့ဗ်၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲ၌ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးနှင့် ဆောင်ရွက်ဆဲ အကျိုးတူပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားနိုင်ရေး၊ နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲများ ကျင်းပသွားရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှု အစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးချဲ့မြှင့်တင်သွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် ကုလသမဂ္ဂမျက်နှာစာတွင် ဘယ်လာရုစ်နိုင်ငံက မှန်ကန်သည့်ရပ်တည်ချက်ကို အခြေခံကာ နားလည်မှုနှင့် ခိုင်မာစွာ ထောက်ခံမှုများအတွက် မြန်မာနိုင်ငံအနေဖြင့် လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ မင့်စ်မြို့ ဖွင့်လှစ်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့မှုများအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။





ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂေးအယ်လယ်နိခ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မင့်စ်မြို့ရှိ Falco-Agro နို့စားနွား မွေးမြူရေးခြံသို့ သွားရောက်ခဲ့ရာ တာဝန်ရှိသူများက နို့စားနွားမွေးမြူမှုနှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်မှုအခြေအနေတို့ကို လိုက်လံရှင်းလင်းပြသခဲ့သည်။ ဆက်လက်၍ မဟာမျိုးချစ်စစ်ပွဲသမိုင်းပြတိုက်သို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဘယ်လာရုစ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရော်ဂန်နီး ရှက်စသာကော့ဗ်နှင့်အတူ မြန်မာကောင်စစ်ဝန်ချုပ်ရုံး မင့်စ်မြို့ ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သံတမန်အသိုက်အဝန်းနှင့် မင့်စ်မြို့ရှိ မြန်မာပညာသင်များလည်း တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၁၆ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ကိုယ်စားလှယ်အဖွဲ့အား နိုဗိုစီဗစ်မြို့တွင် နိုဗိုစီဗစ်ဒေသအစိုးရအဖွဲ့ ဒုတိယအုပ်ချုပ်ရေးမှူး(၁) မစ္စတာယူရီ ပက်တူကော့ဗ်နှင့်အဖွဲ့က နိုဗိုစီဗစ်မြို့ရှိ အထင်ကရနေရာများ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး နိုဗိုစီဗစ်မြို့၌ ဖွင့်လှစ်ရန်လျာထားသော အဆောက်အဦနှင့် နေရာတို့ကို လိုက်လံပြသခဲ့ပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် နိုဗိုစီဗစ်မြို့မှ မန္တလေးမြို့သို့ မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း(MAI)ဖြင့် ပြန်လည်ရောက်ရှိခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## လဟယ်၊ လေရှီး၊ နန်းယွန်းမြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**လဟယ် စက်တင်ဘာ ၁၇**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လဟယ်၊ လေရှီး၊ နန်းယွန်းမြို့နယ်ရှိ ကျေးရွာများ၌ ကျေးလက် ကုန်ထုတ်လမ်းနှင့် ကုန်ထုတ်တံတား၊ ရေပေးရေးနှင့် အများသုံး ကျေးရွာခန်းမဆောင် တည်ဆောက်ရေး လုပ်ငန်းများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရှိရသည်။

အဆိုပါ လုပ်ငန်းများကို ၂၀၂၃ -၂၀၂၄ ခုနှစ် ဘဏ္ဍာနှစ်တွင် ရေပေးရေးလုပ်ငန်း ၁၄ ခု၊ ခွင့်ပြုရန်ပုံငွေကျပ် ၃၇၂ ဒသမ ၆၈ သန်းဖြင့် လည်းကောင်း၊ ကျေးလက်ကုန်ထုတ်လမ်း နှစ်လမ်းနှင့် ကုန်ထုတ်တံတား သုံးစင်းကို ခွင့်ပြုရန်ပုံငွေကျပ် ၂၃၈ ဒသမ ၉၆ သန်းဖြင့် လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် ကျေးရွာပေါင်း ၂၆ ရွာအတွက် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၉၀ ဖြင့် ဆိုင်ကယ်လမ်း ဖောက်လုပ်ခြင်း ၁၇ ခု၊ ၆ ပေ အကျယ် (၆၂/၆)မိုင်၊ ရေပေးရေးလုပ်ငန်းလေးခု၊ အများသုံး ကျေးရွာခန်းမဆောင်ငါးဆောင် ဆောက်လုပ်ခြင်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၁၀၉၁ ဒသမ ၆၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက နာဂဒေသတွင် အိမ်ခြေ ၅၀၂၇အိမ်ရှိ လူဦးရေ ၃၃၁၃၄ ဦးအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းမိုးထံမှ သိရသည်။ **ယွန်း(မုံရွာ၊ကိုယ်ပွား)**

## အုတ်တွင်းမြို့နယ်၌ ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး အသိပညာပေး

**အုတ်တွင်း စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး အသိပညာပေးဆွေးနွေးပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ စက်တင်ဘာ ၁၅ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းနှင့် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီရွှေတို့က ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုများ မဖြစ်ပေါ်စေရေးနှင့် လျှော့နည်းပပျောက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ သက်ဆိုင်ရာ ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ **အေမင်းရည်စော**



(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ တပ်ဖွဲ့ရုံးနှင့်ခရိုင်၊ မြို့နယ်ရုံးများမှ ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၇ ရက်က စစ်တွေမြို့ လောကနန္ဒာစေတီတော်မြတ်ကြီး အတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ဇော်ဘီ



ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အောင်ဇေယျရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၁၇ ရက်က ရန်ကုန် သစ်ရပ်ကွက် မြတ်ရတနာဆွမ်းလောင်းဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးအောင်စိုး အမှာစကားပြောကြားစဉ်။ အာကာလင်း

သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် အကြိမ် (၂၀) မြောက် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးများ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၇**

အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် အကြိမ် (၂၀) မြောက် တရုတ် - အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင်ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီချန်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်၊ အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ၊ စင်ကာပူနိုင်ငံ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ဘရူနိုင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ တီမောလက်စ်တေနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**အရည်အသွေးမြင့်စွာ ဖွံ့ဖြိုးလာစေရေး**

အဆိုပါ အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် အကြိမ် (၂၀) မြောက် တရုတ် - အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးတို့ကို "ရပ်ဝန်းနှင့် ပိုးလမ်းမ အရည်အသွေးမြင့်စွာ ဖွံ့ဖြိုးလာစေရေး မြှင့်တင်ခြင်းနှင့် ကြီးထွားမှု ဗဟိုချက်အသစ်ကို ပြုစုပျိုးထောင်ပေးခြင်းတို့ဖြင့် အတူမျှဝေခံစားသည့် အနာဂတ်နှင့်ဟန်ချက်ညီမျှသည့် နေရာတစ်ခုဖြစ်လာစေရေးအတွက် အတူတကွ ကြိုးပမ်းဆောင်ရွက်ကြပါစို့" ဟူသော ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် အရာရှိကြီးများလည်း တက်ရောက်ကြသည်။



ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဟွမ်ကျွမ့်ဟွာနှင့်အတူ အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ခင်းကျင်းပြသလျက်ရှိသည့် မြန်မာလုပ်ငန်းရှင်များ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ပြပွဲ၌မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ထွက်ကုန်ပစ္စည်းများ၊ ကျောက်မျက်ရတနာနှင့် လက်ဝတ်လက်စားများကို ပါဝင်ခင်းကျင်း ပြသလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မန္တလေးမြို့တော်ဝန်၊ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ မြန်မာသံအမတ်ကြီးနှင့် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဟွမ်ကျွမ့်ဟွာတို့သည် မြန်မာအမျိုးသားပြခန်းဆောင်သို့ ဆက်လက်သွားရောက်၍ ပြခန်းဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို အားပေးကြည့်ရှုသည်။ ထို့နောက် မြန်မာပြခန်းဆောင်တွင် နှစ်လိုဖွယ်ရာမြို့အဖြစ် ရွေးချယ်ထားသော မန္တလေးမြို့ပတ်ဝန်းကျင်ဒေသ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စက်မှုဇုန်၊ ခရီးသွားဇုန်၊ အိမ်ရာတည်ဆောက်ရေး စီမံကိန်းများအထူးပြုပြသထားမှုကို အားပေးကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Liyuan Resort၊ International Conference Center တွင် ကျင်းပသည့် အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ဆက်စပ်ကျင်းပသည့် အဓိကအစီအစဉ်ဖြစ်သော Institutional Opening-up for New Economic Growth အစည်းအဝေးသို့ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး၊ ကွမ်ရှီးပြည်နယ်အုပ်ချုပ်ရေးမှူး၊ တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်၊ စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးတို့နှင့်အတူ တက်ရောက်ခဲ့ကြသည်။

**ရင်းနှီးစွာဆွေးနွေး**

အဆိုပါ အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကြီးအကဲများ၊ သုတေသီများနှင့် ပညာရှင်များ၊ စီးပွားရေးဦးဆောင်သူများက ဒေသတွင်းစီးပွားရေး အရှိန်အဟုန်သစ်ဖြင့် ဖွံ့ဖြိုးလာစေရန် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ စီမံခန့်ခွဲမှုများ၊ စံချိန်စံညွှန်းများ၊ ကူးသန်းရောင်းဝယ်ရေး ကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့နောက် တရုတ်-အာဆီယံ စံချိန်စံညွှန်း ဗဟိုဌာနထူထောင်ဖွင့်လှစ်ခြင်း အစီအစဉ်ကိုလည်း ကြေညာဆောင်ရွက်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လိယွမ်နိုင်ငံတော်ဧည့်ဂေဟာ၌ တရုတ်သတင်းဌာနများဖြစ်သည့် People's Daily၊ CGTN ၊ China Media Group ၊ China News Service ၊ Guangxi Daily ၊ Guangxi Radio and Television၊ Nanning Daily နှင့် Nanning Radio and Television ရုပ်သံဌာနတို့အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ တရုတ် - အာဆီယံ ပူးပေါင်း ဆောင်ရွက်မှုနှင့် အနာဂတ်မျှော်မှန်းချက်များနှင့်ပတ်သက်၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ ညနေပိုင်းက တရုတ်နိုင်ငံတော်ဝန်ကြီးချုပ် မစ္စတာလီချန်းက တည်ခင်းဧည့်ခံခဲ့သော တရုတ် - အာဆီယံ ကုန်စည်ပြပွဲ အကြိုဂုဏ်ပြုညစာစားပွဲသို့ အခြားအာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။

**အခွင့်အလမ်းကောင်းများတိုးတက်**

တရုတ် - အာဆီယံ ကုန်စည်ပြပွဲများနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးများကို ၂၀၀၄ ခုနှစ်မှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ အကြိမ် (၂၀) မြောက်ပြီဖြစ်ကာ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အခွင့်အလမ်းကောင်းများ တိုးတက်ထွန်းကားလာလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

# အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသ

**နေပြည်တော် စက်တင်ဘာ ၁၇** တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ နန်နင်းမြို့တွင် အကြိမ် (၂၀) မြောက် တရုတ် - အာဆီယံ ကုန်စည်ပြပွဲကို ကျင်းပလျက်ရှိရာ အဆိုပါ ကုန်စည်ပြပွဲဖွင့်ပွဲမှစတင်၍ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကုန်ပစ္စည်းများနှင့်အတူ မြန်မာကုန်စည်ပြခန်းဆောင်တွင် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၈၀ ပါဝင်ပြသလျက်ရှိသည်။ **(ဝဲပုံနှင့် အပေါ်ပုံ)**





**ခင်းကျင်းပြသရောင်းချ**

မြန်မာ ကုန်စည်ပြခန်းများတွင် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရေထွက်ကုန်၊ ထောပတ်သီး၊ လက်မှုအနုပညာ ပစ္စည်းများ၊ အဝတ်အထည်၊ စားသောက်ကုန်၊ မြန်မာ့ကျောက်မျက် လက်ဝတ်ရတနာပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

**ဝယ်ယူသူများ စည်ကား**

ကုန်စည်ပြပွဲ ဖွင့်ပွဲနေ့တွင် မြန်မာ ကုန်စည်ပြခန်းများ၌ မြန်မာ့ထုတ်ကုန် ပစ္စည်းများကို စိတ်ပါဝင်စား၍လာရောက်လေ့လာကြည့်ရှုသူများ၊ ကြိုက်နှစ်သက်၍ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၁၆ ရက်တွင်ကျင်းပခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားမြှင့်တင်ရေးဖိုရမ်တွင် မြန်မာနှင့် တရုတ်ကုန်သည်လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ခြောက်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းပြည်ဝင်ငွေ တိုးတက်ဖို့ ပုစွန်တိုးချဲ့မွေးကြစို့

မောင်အောင်

"ကိုအောင်ရေ- ညနေ ရုပ်မြင်သံကြားသတင်းမှာ မင်းတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (၂၅)ကြိမ်မြောက်စကားဝိုင်းမှာ ပုစွန်မွေးမြူရေး တိုးချဲ့ဆောင်ရွက်ကြဖို့ ဆွေးနွေးကြတဲ့ သတင်းပါလာတယ်။ ပြီးခဲ့တဲ့ တစ်ပတ်ကလည်း မင်း တနင်္သာရီတိုင်းကိုသွားပြီး ပုစွန်မွေးမြူရေးကန်တွေကို လိုက်ပြီးစစ်၊ ပုစွန်မွေးမြူရေးသမားတွေနဲ့ တွေ့ဆုံတဲ့သတင်းတွေ ဖတ်လိုက်ရတယ်။ မင်းတို့လိုင်းက ပုစွန်ဘက်ကို ပြောင်းသွားတာလား။"

ည ၈ နာရီသတင်းအပြီး ဖုန်း Viber (ဗိုက်ဘာ)မှ မက်ဆေ့ချ်(Message)ဝင်သံကြား၍ ကြည့်လိုက်မိသည်။ ကျွန်တော့်အစ်ကိုကြီး ပို့လိုက်တာဖြစ်သည်။ သည်တော့ တယ်လီဖုန်းမှလည်း ခေါ်ထားကြောင်း သတိပြုမိ၍ အစ်ကိုကြီးထံ ဖုန်းပြန်ဆက်ဖြစ်သည်။

"ပုစွန်လိုင်းပြောင်းတာ မဟုတ်ဘူး အစ်ကိုကြီးရ။ တကယ်တမ်းပြောရရင် လိုင်းပေါင်းစုံလို့ ပြောရမှာ။ အစ်ကိုကြီး စဉ်းစားကြည့်လေ။ လူတွေမှာ စား၊ ဝတ်၊ နေရေး ဒီသုံးခုမှာ စားရေးက အဓိကအရေးအကြီးဆုံး။ ဒီစားဖို့သောက်ဖို့ဟာ ကျွန်တော်တို့ဝန်ကြီးဌာနက လုပ်ပေးရတာ အစ်ကိုကြီး အသိပဲလေ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဆန်ကို အဓိကထားပြီးစားတယ်။ ထမင်းစားတယ်။ ထမင်းစားတော့ ဟင်းလေးကပါဦးမှ။ ဟင်းမှာ ဟင်းသီးဟင်းရွက်တို့၊ ပဲတို့က အာဟာရဖြစ်ပေမယ့် သားငါးလေးတော့ လူတိုင်းစားချင်ကြတယ်။ တပ်မက်ကြတယ်။ ထမင်းနဲ့ ဟင်းသီးဟင်းရွက်ကို စိုက်ပျိုးရေးက ထုတ်လုပ်ပေးရတယ်။ အဲဒီထမင်းနဲ့ တွဲဖက်ပြီးစားဖို့ သားငါးက မွေးမြူရေးက ထုတ်လုပ်ပေးရတယ်လေ။ အဲဒါကြောင့် ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက လူတွေရဲ့ ဗိုက်ကိုဖြည့်ပေးတဲ့အပြင် တိုင်းပြည်ရဲ့ ဝင်ငွေတိုးတက်အောင် ရှာဖွေပေးနေတဲ့ အဓိကဝန်ကြီး ဌာနကြီးပေါ့။"

### ပုစွန်မွေးတာရော သေချာရှိလို့လား

"အေး အေး ဟုတ်ပါပြီ။ မင်းမှ အပြောကောင်း။ ဒါနဲ့ ပုစွန်နဲ့ ငါးက ပုစွန်ကဈေးကြီးတာတော့ မှန်ပါတယ်။ ငါးက လူအစားများတာပဲ။ တချို့ဆို ပုစွန်ကြိုက်တောင် မကြိုက်ဘူး။ တို့မြန်မာပြည်မှာ ပုစွန်မွေးမြူတဲ့ကန်ရော ဘယ်လောက်ရှိလို့လဲ။ ပြီးတော့ ပုစွန်မွေးတာရော သေချာရှိလို့လား။ ငါ သေချာမသိလို့ မေးတာနော်။ စိတ်တော့ မရှိနဲ့။"

အစ်ကိုကြီးက စေ့စပ်သည်။ သေချာသည်။ သူသိချင်တာကလည်း တကယ်အရေးကြီးသည့်အချက်။

"ရှိတာပေါ့ အစ်ကိုကြီးရ။ ကျွန်တော်တို့နိုင်ငံမှာ ပုစွန်မွေးတဲ့ဧကက စာရင်းဇယားအရ ပြောရရင် ဧက ၁၁၃၇၃၀ ရှိတယ်။ ပြီးတော့ အစ်ကိုကြီးမေးသလိုပဲ၊ သေချာစနစ်တကျ မွေးတာကတော့ ဧက ၁၀၀၀၀ လောက်ပဲရှိတယ်။ ကျန်တဲ့ဧကတစ်သိန်းက သမားရိုးကျ မွေးမြူနည်းစနစ်နဲ့ မွေးတာ။ ဧကတစ်သောင်းလောက်ကတော့ စနစ်တကျ မွေးမြူတာ။"

"အေးပါ။ ငါထင်တော့ ထင်သားပဲ။ မင်းပြောသလို ဧကတစ်သိန်းကျော်သာ ပုစွန်သေချာမွေးရင် ဒီလောက်ဈေးကြီးမှာ မဟုတ်ဘူး။ ငါတို့လည်း ပုစွန်ကို မုန်းလောက်အောင် စားရမှာ။ အခုတော့ကွာ ပုစွန်က ရှားပါးပစ္စည်း။ ဈေးကလည်း ကြီးမှကြီး။ ဘာလဲကွ သမားရိုးကျမွေးမြူနည်းစနစ်ဆိုတာ။"

"အစ်ကိုကြီးရေ သမားရိုးကျမွေးနည်းစနစ်ဆိုတာ ဒီရေအတက်အကျပေါ်မှာ မူတည်ပြီး မွေးတာ။ ကျွန်တော်တို့ မြန်မာပြက္ခဒိန်ပါ လတွေမှာ လဆန်း၊ လဆုတ်၊ လကွယ်၊ လပြည့် ဆိုပြီးရှိတယ်။ လပြည့်ကျော်ရင် လဆုတ်လို့သတ်မှတ်ပြီး လကွယ်ကျော်ရင် လဆန်းလို့သတ်မှတ်တယ်။"

"အဲဒါ ငါသိပါတယ်ကွာ။ ငါက မင်းထက်အရင် ထမင်းစားတာပါ။"



ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် အဖွဲ့ဝင်များ ပြည်ပသို့တင်ပို့မည့် ပုစွန်ပြုတ်ခြောက်များကို ကြည့်ရှုစစ်ဆေးစဉ်။

❖ **ကျွန်တော်တို့နိုင်ငံမှာ ပုစွန်မွေးတဲ့ဧကက စာရင်းဇယားအရ ပြောရရင် ဧက ၁၁၃၇၃၀ ရှိတယ်။ ပြီးတော့ အစ်ကိုကြီးမေးသလိုပဲ၊ သေချာစနစ်တကျ မွေးတာကတော့ ဧက ၁၀၀၀၀ လောက်ပဲရှိတယ်။ ကျန်တဲ့ဧကတစ်သိန်းက သမားရိုးကျ မွေးမြူနည်းစနစ်နဲ့မွေးတာ။ ဧကတစ်သောင်းလောက်ကတော့ စနစ်တကျ မွေးမြူတာ**

အစ်ကိုကြီးက စိတ်မရှည်သံနှင့် ပြောလာသည်။

"ဟုတ်ပါတယ် အစ်ကိုကြီးရာ။ ကျွန်တော်က အစ်ကိုကြီးရှင်းအောင် ပြောပြတာပါ။ ဒီရေက တစ်ရက်ကို နှစ်ကြိမ်တက်ပြီး နှစ်ကြိမ်ကျပါတယ်။ ဒီရေတက်တာ လဆန်းဖြစ်ဖြစ်၊ လဆုတ်ဖြစ်ဖြစ် (၅)ရက်၊ (၆)ရက်၊ (၇)ရက်၊ (၈)ရက်၊ (၉)ရက်၊ (၁၀)ရက်တွေမှာ နည်းနည်းသာတက်ပြီး၊ လဆန်း လဆုတ်(၁၁)ရက်၊ (၁၂)ရက်၊ (၁၃)ရက်၊ (၁၄) ရက်၊ (၁၅) ရက်တွေမှာ အများဆုံးတက်ပါတယ်။ လွယ်လွယ်ပြောရရင် လပြည့်နေ့နဲ့ လကွယ်နေ့မှာ ဒီရေအတက်ဆုံးပါ။"

"သမားရိုးကျပုစွန်မွေးမြူနည်းစနစ်မှာ ရေသွင်းရေထုတ်ကို လဆန်း၊ လဆုတ် (၁၁) ရက်ကနေ (၁၅) ရက်အတွင်း ပြုလုပ်ကြပါတယ်။ ဒီရေက တစ်ရက်ကို နှစ်ကြိမ်တက်၊ နှစ်ကြိမ်ကျတာကြောင့် မနက် ၆ နာရီ ဒီရေတက်ပြီဆိုရင် ရေကို သမားရိုးကျ တာပေါင်ခတ်ထားတဲ့ ပုစွန်ကန်ထဲကို သွင်းထားပြီး မွန်းတည့် ၁၂ နာရီ ဒီရေကျချိန်မှာ ရေတံခါးကို ပိတ်ပြီး ရေလှောင်ထားလိုက်ပါတယ်။ ညနေ ၆ နာရီ ဒီရေတက်လာချိန်မှာ ပုစွန်ဖမ်းဖို့ ပိုက်တွေ အဆင့်ဆင့်လုပ်ထားပါတယ်။ ညနေ ၆ နာရီ ဒီရေတက်လာချိန်မှာ ပုစွန်ဖမ်းဖို့ ပိုက်တွေ အဆင့်ဆင့်လုပ်ထားပါတယ်။ ညနေ ၆ နာရီတက်တဲ့ ဒီရေဟာ ည ၁၂ နာရီမှာ ပြန်ပြီးကျပါတယ်။ အဲဒီရေကျချိန်မှာ ပုစွန်ဖမ်းပါတယ်။"

"မင်းတို့ အဲဒီလိုဖမ်းတော့ ဒီရေထဲမှာ ငါးတို့၊ ကဏန်းတို့ရော မပါဖူးလား။"

"များသောအားဖြင့်တော့ ပုစွန်ကို ညဘက်ဖမ်းပြီး ငါးနဲ့ ကဏန်းကိုတော့ နေ့ဘက် မွန်းတည့် ၁၂ နာရီမှာ ဖမ်းလေ့ရှိပါတယ်။ ဒီရေတက်ချိန်ကလည်း တစ်ရက်မှာ တစ်နာရီ ဆုတ်သွားပါတယ်။"

"အေး ထားပါတော့။ မင်းတို့ လှောင်ဖမ်းထားတဲ့ ပုစွန်တွေ၊ ငါးတွေကို အစာရော ကျွေးသလား။ နောက်ပြီး တစ်ရက်တစ်ခါ ဖမ်းသလား။ ဘယ်နှရက်တစ်ခါဖမ်းသလဲ။ တစ်ဧကကန် ဘယ်လောက်ဆိုရင် ပုစွန်ဘယ်လောက်ရသလဲ။"

အစ်ကိုကြီးက သမားရိုးကျစနစ်ကို စိတ်ဝင်စားသွားပုံရသည်။ သူသိချင်သည်များကို အသေးစိတ်မေးလာသည်။

### ပုစွန်ရှားလာပြီး အထိအမိနည်းလာ

"သမားရိုးကျစနစ်ဆိုတော့ ဘယ်မှာအစာကျွေးပါ့မလဲ အစ်ကိုကြီးရာ။ ပြီးတော့ နေ့တိုင်းလည်း မဖမ်းပါဘူး။ တစ်လနှစ်ခါ လပြည့်နဲ့ လကွယ်ရက်တွေမှာပဲ ဖမ်းတာ။ သမားရိုးကျစနစ်ဆိုတော့ ဧကွက်တွေ ဘာတွေလည်း ဖော်မထားပါဘူး။ အကြမ်းဖျင်း ဧက ၂၀ လောက်ကနေ ဧက ၂၀၀ လောက်အထိ သမားရိုးကျတာ ပေါင်ပတ်ထားတာ။ ဧက၂၀ ကန်က ၂၀၀၀ ပြည့်နှစ်ဝန်းကျင်တုန်းက ပိဿာ ၅၀ လောက်ရတတ်ပြီး ဧက ၂၀၀ ကန်က ပိဿာ ၁၀၀၀ လောက်အထိ ရတတ်တယ်။ အခုအချိန်မှာတော့ ပုစွန်ရှားလာပြီး အထိအမိနည်းလာတယ်။ ဧက ၂၀ ကန်က ငါးပိဿာ၊ ၁၀ ပိဿာလောက်ပဲရပြီး ဧက ၂၀၀ ကန်က ပိဿာ ၁၀၀ ရအောင်ကို မနည်းလုပ်နေရတယ်။"

"မင်းပုစွန်က ကြီးရော ကြီးရဲ့လား။ ဘယ်အရွယ်လောက်ရှိလဲ။"

"ဘာအစာမှမကျွေးဘဲ ဒီအတိုင်းမွေးတာဆိုတော့ အကြီးဆုံးမှ လက်မ၊ လက်ညှိုး သာသာပေါ့ အစ်ကိုကြီးရယ်။ ကျွန်တော်လည်း ဒီလိုသမားရိုးကျမွေးတာ အရင်တုန်းက မသိဘူး။ သဘောမပေါက်ဘူး။ မိုခါမုန်တိုင်းကျေးဇူးကြောင့် စစ်တွေရောက်တော့မှ၊ ပုစွန်ကန်တွေ လိုက်ကြည့်တော့မှ ဒီကိစ္စကို သိခဲ့ရတာ။"

"အောင်မယ် မင်းက မိုခါမုန်တိုင်းကျေးဇူးကြောင့်လို့ ဘာလို့ပြောရတာလဲ။ မိုခါက တို့ပြည်သူတွေ ဒုက္ခရောက်အောင်လုပ်တာပဲကို။ မိုခါက မင်းယောက္ခမမို့ မင်းက ကျေးဇူးတင်ရတာလား။"

အစ်ကိုကြီးက ကျွန်တော့်စကား တစ်ချက်အမှားမခံ။ သူမှားသည်ထင်လျှင် ချက်ချင်းပြန်တွယ်တတ်သည်။ သည်လို မဟုတ်မခံစိတ်ဓာတ်ကို ကျွန်တော် ကြိုက်ပါသည်။

"အစ်ကိုကြီးရယ် ဒေါကန်တာမစောပါနဲ့။ ကျွန်တော် ရှင်းပြပါ့မယ်။ အစ်ကိုကြီး စဉ်းစားကြည့်လေ။ မိုခါမုန်တိုင်းမတိုက်ခင်၊ တစ်ပတ် ဆယ်ရက်လောက်ကတည်းက ကျွန်တော်တို့ ကြိုပြီးသိကြတယ်။ နိုင်ငံတော်ကလည်း အသိပေးတယ်။ မိုးလေဝသကလည်း ကြေညာတယ်။ ပစ္စည်း၊ ပစ္စယတွေ သိမ်းဆည်းကြဖို့၊ ပင်လယ်ကမ်းစပ်တွေက ရွှေ့ပြောင်းကြဖို့၊ ဒေသအာဏာပိုင်တွေကလည်း နားခိုဖို့ရာ နေရာတွေကို မိသားစုတွေ၊ သက်ကြီးရွယ်အိုတွေကို ရွှေ့ပြောင်းပေးတယ်။ ကယ်ဆယ်ရေးစခန်းတွေဖွင့်ပေးတယ်။ ဆေးဝါးနဲ့ စားသောက်ဖွယ်ရာတွေ စုထားပေးတယ်။ အစ်ကိုကြီးလည်း သိတယ်မဟုတ်လား။"

"သိတယ်လေ။ တချို့လူတွေကတောင် အကြောက်ကြီးလှချည်းလားလို့ ပြောနေကြသေးတယ်။

### မိုခါကို ကျေးဇူးတင်တယ်

"အဲဒါကိုပြောတာပေါ့ အစ်ကိုကြီးရ။ တာဝန်ရှိသူတွေက ဒီလောက်ကြိုတင်ပြင်ဆင်၊ ကြိုတင်ပြောနေပါလျက်နဲ့ လိုက်နာတဲ့လူတွေက လိုက်နာတယ်။ တချို့ကလည်း ကြိုတင်သတိပေးတဲ့သူတွေကို အကြောက်ကြီးလှပါလား ပြောပြီး မလိုက်နာဘူး။ အခုမိုခါမုန်တိုင်းကြောင့် လူအသေအပျောက် အဆုံးအရှုံးဖြစ်ရတာက စောစောကပြောခဲ့သလို သတိပေးချက်ကို မလိုက်နာတဲ့သူတွေပဲ။ အဲဒါကြောင့် ကျွန်တော်က တာဝန်သိသူ လူကြီးမိဘတွေက ဆိုဆုံးမရင် မလိုက်နာတဲ့သူတွေကို မိုခါကလက်တွေ့အပြစ်ပေးတာကြောင့် မိုခါကို ကျေးဇူးတင်တယ်လို့ ပြောတာပေါ့။

"ထားပါတော့ကွာ မင်းက စကားတတ်တိုင်း လှည့်ပတ်ပြောတော့ လက်ခံရမှာပေါ့။ အဲဒီတစ်ချက်တည်းနဲ့တော့ မရဘူး။ ပြီးတော့ ဘာရှိသေးလဲ။"

ကျွန်တော့် အစ်ကိုကြီးက သူ့ဥာဉ်အတိုင်း တော်ရုံကိစ္စလက်ခံတတ်သူ မဟုတ်။

**"ပြီးတော့ နိုင်ငံတော်အစိုးရရဲ့ ရခိုင်ပြည်သူတွေအပေါ်ထားတဲ့ စေတနာ။"**

"အစ်ကိုကြီး စဉ်းစားကြည့်လေ၊ အစိုးရဆိုတာ တိုင်းပြည်ရဲ့မိဘ၊ ပြည်သူဆိုတာက သားသမီးပဲလေ။ မိဘဆိုတာ ဘယ်မိဘမဆို ကိုယ့်သားသမီးတွေကို ချစ်တာပဲ။ ပေးစရာ၊ ကျွေးစရာရှိရင် အတူတူပေးကျွေးတာပဲ။ ဒါပေမယ့် မိဘရဲ့စေတနာကို တချို့သားသမီးတွေက နားလည်တယ်။ သဘောပေါက်တယ် လက်ခံတယ်။ တချို့က နားမလည်ဘူး၊ သဘောမပေါက်ဘူး။"

"အစ်ကိုကြီး တွက်ကြည့်လေ။ မိုခါက စစ်တွေကို မေလ ၁၄ ရက်နေ့မှာ ဝင်ခဲ့တယ်။ မိုခါအရှေ့ဘက်ကိုဆက်ဝင်သွားပြီး မြန်မာပြည်ထဲက မထွက်သေးတဲ့အချိန်၊ မေလ ၁၅ ရက်မှာပဲ **နိုင်ငံတော်အကြီးအကဲဦးစီးပြီး** အစိုးရအဖွဲ့တွေ စစ်တွေကို သွားခဲ့ကြတယ်။ မုန်တိုင်းဒဏ်ခံပြည်သူတွေကို အားပေးဖို့၊ အပျက်အစီးတွေကို ရှင်းလင်းဖို့၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို မြန်မြန်ဆန်ဆန်လုပ်ပေးဖို့။"

"မုန်တိုင်းဆိုတာ သဘာဝဘေးဒဏ်ပဲ။ တားဆီးလို့ မရသလို၊ ရှောင်လွှဲလို့လည်း မရဘူး။ အဲဒီတော့ ၁၄ ရက်နေ့မှာ တိုက်သွားတဲ့ မိုခါ၊ ၁၅ ရက်နေ့မှာ ထပ်ပြန်မလာဘူးလို့ ဘယ်သူပြောနိုင်သလဲ။ ပြန်လှည့်မလာဘူးလို့လည်း ဘယ်သူပြောနိုင်သလဲ။"

*စာမျက်နှာ ၁၁ သို့*

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ဘားအံနှင့် လှိုင်းဘွဲမြို့နယ်များအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့ နံနက်ပိုင်းက ကရင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့်အတူ လှိုင်ကော်မြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသား သင်တန်းသူများ၊ နည်းပြဆရာများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် သင်တန်းကျောင်းအုပ်က သင်တန်းဖွင့်လှစ်သင်ကြားနေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သင်တန်းသား သင်တန်းသူများအနေဖြင့် တတ်မြောက်သွားသော ပညာရပ်များကို ပြန်လည်အသုံးချ၍ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ဆောင်ခြင်းထက် သမဝါယမအသင်းများဖွဲ့စည်းကာ စုပေါင်းလုပ်ဆောင်နိုင်သည်အထိ ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။




ယင်းနောက် သင်တန်းသား သင်တန်းသူများ၏ အဝတ်အထည်ရက်လုပ်နေမှုများကို ကြည့်ရှုအားပေးပြီး သင်တန်းသားအိပ်ဆောင်နှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဘားအံမြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်အတွင်းရှိကျေးရွာ ၁၀ ရွာအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး ဒုတိယဝန်ကြီးက ကျေးရွာ ငါးရွာနှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီးက ကျေးရွာ ငါးရွာကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး VDP ရန်ပုံငွေကျပ်သိန်း ၇၅၀၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၂၅၀ ထောက်ပံ့ပေးအပ်ရာ (ဝဲပုံ) စီမံကိန်းကျေးရွာများမှ ကျေးရွာကိုယ်စားလှယ် နှစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ကြီးဌာနအောက် ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး ဝန်းထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကြောင့်ကမ်လာဘ် (ကျောက်ကလပ်) စေတီအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့သည်။ ညပိုင်းတွင် ဒုတိယဝန်ကြီးသည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

### "ပြည်သူ့အတွက်" ဆိုတဲ့ စိတ်ဓာတ်

"အဲဒီ ခန့်မှန်းမရတဲ့ သဘာဝမုန်တိုင်းကို မစိုးရိမ်မကြောက်မလန့်တဲ့ **"ပြည်သူ့အတွက်"** ဆိုတဲ့ စိတ်ဓာတ်တစ်ခုတည်းနဲ့ ၁၅ ရက်နေ့မှာ စစ်တွေကိုသွားပြီး ပြည်သူကို အားပေးနှစ်သိမ့်ခဲ့တဲ့၊ အပျက်အစီးတွေကို ရှင်းလင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေလုပ်ဖို့ စီမံဆောင်ရွက်ခဲ့တဲ့ နိုင်ငံတော်အကြီးအကဲနဲ့ အစိုးရအဖွဲ့ရဲ့ စိတ်ဓာတ်နဲ့ စွန့်လွှတ်စွန့်စားမှုကို ကျွန်တော်လေးစားတာ၊ မြတ်နိုးတာ။"

"အစတုန်းကတော့ ကျွန်တော်လည်း ဒီလောက်ခံစားမိမှာ မဟုတ်ပေမယ့်၊ အဲဒီ စစ်တွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေလုပ်ဖို့ ဇွန်လ ၂၀ ရက်နေ့မှာ ကျွန်တော် ရောက်သွားတော့မှ စစ်တွေမြို့ကြီးရဲ့ ပျက်စီးနေမှု၊ မုန်တိုင်းဒဏ်ခံရနေမှုနဲ့ နိုင်ငံတော်အကြီးအကဲရဲ့ စိတ်ဓာတ်နဲ့ စေတနာ။ အဲဒီမှာ အကြီးအကျယ်ခံစားမိတယ်။ လေးစားမိတယ်။"

"အဲဒါဘာကိုပြောသလဲဆိုတော့ **"အရေးကြီးရင် သွေးစည်းတယ်။"** အစိုးရဆိုတာ ပြည်သူတွေအားလုံးအပေါ်မှာ စိတ်ရင်းစေတနာရှိတယ်။ နိုင်ငံတော်အစိုးရရဲ့ စေတနာကို ရခိုင်ပြည်သူတွေ မျက်ဝါးထင်ထင် သဘောပေါက်စေနိုင်တယ်လို့ ကျွန်တော်ယုံကြည်တယ်။ အဲဒါကြောင့် အဆိုးထဲကအကောင်း ပြန်ပြီးတွက်ရင် မိုခါကျေးဇူးကြောင့်၊ နိုင်ငံတော်အစိုးရရဲ့ စေတနာကို ရခိုင်ပြည်သူတွေ သဘောပေါက်နားလည်စေတဲ့ အကျိုးကျေးဇူးရစေတယ်လို့ ကျွန်တော်မြင်တယ်။"

"အေး အေး ထားပါတော့ကွာ။ မိုခါကျေးဇူးကိုငါလည်း သဘောပေါက်ပါပြီ။ စောစောကပြောတဲ့ ပုစွန်မွေးမြူရေးကို မင်းတို့က ခေတ်မီနည်းနဲ့ဘယ်လိုမွေးရတယ်ဆိုတာလဲ ပြောစမ်းပါဦး။ နောက်ပြီး ပုစွန်မှာ အမျိုးဘယ်နှမျိုးရှိသလဲ။ ဘယ်လိုမွေးကြသလဲ ဆိုတာလေး ပြောစမ်းပါဦး။ နောက်ပြီးတော့ ရခိုင်ပြည်နယ်မှာ ဘယ်လိုပုစွန်မျိုးတွေ အမွေးများသလဲ။"

အခုမှ ကျွန်တော်နှင့် အစ်ကိုကြီး စကားဝိုင်းက ပုစွန်ဘက်သို့ ပြန်ရောက်သည်။

"ရခိုင်ပြည်နယ်မှာ သမားရိုးကျ မွေးမြူနည်းစနစ်နဲ့ ရေငန်ကျားပုစွန်လို့ခေါ်တဲ့ (Black Tiger Shrimp)ကို အများဆုံးမွေးမြူကြတယ်။ တနင်္သာရီတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှာတော့ ခေတ်မီရေငန်ပုစွန်မွေးမြူနည်းစနစ်နဲ့ ရေငန်ပုစွန်ဖြူလို့ ခေါ်တဲ့ ဗနားမီး (Vannamei) မွေးမြူကြတယ်။ ရေချိုပုစွန်ကိုတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ကရင်ပြည်နယ်တို့မှာ မွေးမြူကြပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာတော့ ပုစွန်သီးသန့်မွေးမြူခြင်းစနစ် (Mono Culture)နဲ့ မွေးမြူကြသလို ငါးနဲ့ ပုစွန်ရောပြီး မွေးမြူတဲ့စနစ် (Poly Culture)နဲ့ မွေးမြူကြတာလည်း ရှိပါတယ်။ ပုစွန်မွေးမြူမှုမှာလည်း ကျန်တဲ့တိရစ္ဆာန်မွေးမြူနည်းစနစ်တွေမှာလို၊ သားဖောက်ခြင်းအပိုင်းနဲ့ အသားတိုးမွေးမြူခြင်း အပိုင်းဆိုပြီး အပိုင်း(၂)ပိုင်းရှိပါတယ်။ ဒီထုတ်လုပ်မှု အပိုင်းနှစ်ပိုင်းစလုံးမှာ အရေးအကြီးဆုံးကတော့ ဇီဝလုံခြုံမှုပဲ။ ဇီဝလုံခြုံမှု မကောင်းရင် ပုစွန်မွေးမြူရေးက ဆုံးရှုံးမှုကြီးစေပါတယ်။

### ဘာအရေးအကြီးဆုံးလဲ

ငါကြားဖြတ်ပြီး မေးပါရစေ။ ပုစွန်မွေးမြူရေးမှာ ဘာအရေးကြီးဆုံးလဲ။

ကျွန်တော်စကားရှည်နေ၍ အစ်ကိုကြီးက ကြားဖြတ်၍ မေးလိုက်ခြင်းဖြစ်သည်။

"အဲဒါကတော့ အစ်ကိုကြီးလည်း သိပြီးသားပဲလေ။ စိုက်ပျိုးရေးမှာ မျိုး၊ မြေ၊ ရေ၊ နည်းပညာနဲ့ သွင်းအားစုအရေးကြီးသလို၊ မွေးမြူရေးမှာလည်း ဒီအဓိကအချက် (၅) ချက်ပဲ အရေးကြီးတာပဲလေ။ စိုက်ပျိုးရေးမှာ မြေကောင်းဖို့လိုတယ်။ မြေဩဇာကြွယ်ဝဖို့လိုသလို၊ ချဉ်လွန်းတာ၊ ငန်လွန်းတာ မဖြစ်သင့်ဘူး။ ဒါ့အပြင် မြေလုပ်ပိုင်ခွင့် ရဖို့လိုတယ်။ အဲဒါမှ ငါးမွေးမွေး၊ ပုစွန်မွေးမွေး၊ နွားမွေးမွေး အတည်တကျလုပ်ကိုင်ရမှာ။ ပြီးတော့ စိုက်ပျိုးရေးမှာ သီးနှံအထွက်နှုန်းကောင်းဖို့ လိုသလို၊ တိရစ္ဆာန်မွေးမြူရေး၊ ငါး၊ ပုစွန်မွေးမြူရေးမှာလည်း အသားတိုးနှုန်း ကောင်းဖို့လိုတယ်။

အသားတိုးနှုန်းကောင်းမှ ပုစွန်မွေးမြူရေးမှာ အကျိုးအမြတ်ရမှာ။ ပြီးတော့ ပုစွန်မျိုးစိတ်နဲ့ ရေရဲ့ အငန်နှုန်းဆက်စပ်နေတယ်။ ဒေသမျိုးစိတ်ဖြစ်တဲ့ ပုစွန်ကျားမျိုးစိတ် (Penaeus Monodon) ဟာ ရေအငန်နှုန်း (၅-၆)ပီပီတီကနေ (၃၀)ပီပီတီကြားမှာ ခံနိုင်ရည်ရှိတယ်၊ မွေးလို့ရတယ်။ ရောင်းတမ်းဝင်တဲ့ အထိ လေးလ ရက် ၁၂၀ ကြာ မွေးမြူရပါတယ်။ နိုင်ငံခြားမျိုးစိတ် ပုစွန်ဖြူ (Penaeus Vannamei) ကတော့ အငန်နှုန်း(၀) ပီပီတီကနေ (၃၅) ပီပီတီကြားမှာ ခံနိုင်ရည်ရှိပြီး ဈေးကွက်ဝင်ဖို့ သုံးလ ရက် ၉၀ ပဲ မွေးရပါတယ်။ အဲဒါကြောင့် စနစ်တကျမွေးမြူသူတွေက ပုစွန်ဖြူကို မွေးမြူကြပြီး သမားရိုးကျမွေးမြူသူတွေကတော့ ပုစွန်ကျားကို မွေးမြူကြပါတယ်။ အရေးကြီးတာကတော့ မိမိဒေသနဲ့ လိုက်လျောညီထွေဖြစ်ဖို့လိုအပ်သလို ဈေးကွက်နဲ့ ကုန်ကျစရိတ်တွက်ခြေကိုက်ဖို့ လိုအပ်ပါတယ်။

"ဒါ့အပြင် သွင်းအားစုနဲ့ နည်းပညာလိုအပ်ချက်တွေ ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ သွင်းအားစုဆိုတာကတော့ စောစောက ကျွန်တော်ပြောခဲ့တဲ့ ပုစွန်မျိုး၊ ပုစွန်သားပေါက် ဒါလည်းရဖို့လိုတယ်။ ပုစွန်မွေးကန်တစ်ဧကမှာ ပုစွန်သားပေါက် ၁၀၀၀၀ ထည့်ပြီး မွေးရပါတယ်။ လက်ရှိ ပုစွန်ကန်တွေ အနေအထားအရ သမားရိုးကျမွေးနေတဲ့ ကန်တွေကိုပါ ပုစွန်သားပေါက်ထည့်ပြီး မွေးမယ်ဆိုရင် မွေးဧကတစ်သိန်းအတွက် ပုစွန်သားပေါက် အနည်းဆုံး သန်း ၁၀၀၀ လိုပါမယ်။ ပထမအဆင့် အနေနဲ့ သမားရိုးကျမွေးနေတဲ့ ပုစွန်ကန် ဧက ၅၀၀၀၀ ကိုပဲ စနစ်တကျ သေချာမွေးမယ်ဆိုရင် ပုစွန်သားပေါက် သန်း ၅၀၀ လိုပါမယ်။"

"မင်းဟာက များလှချည်လား။ လက်ရှိရော မင်းတို့ပုစွန်သားပေါက် ဘယ်လောက်ဖောက်နေသလဲ။ ဖောက်နိုင်သလဲ။"

ကျွန်တော့် အစ်ကိုကြီးက စိတ်မရှည်စွာဖြင့် မေးလာသည်။

"လက်ရှိကတော့ ပုဂ္ဂလိက ပုစွန်သားဖောက်ကန်တွေရော ကျွန်တော်တို့ ငါးလုပ်ငန်းဦးစီးဌာနကပါ၊ တစ်နှစ်ကို ပုစွန်သားပေါက် သန်း ၁၀၀ လောက်ပဲ ဖောက်နိုင်ပါသေးတယ်။ ဒါ့ကြောင့်လည်း ပုစွန်မွေးမြူရေးတိုးတက်ချင်ရင် ဘာတွေလုပ်သင့်သလဲ ဆိုတာ ကျွန်တော်တို့ ဆွေးနွေးကြတာပါ။"

"ကဲ- ထားပါတော့ အစာဖိုးရော ဘယ်လောက်ကုန်မှာလဲ။ ပုစွန်အစာကရော ဒို့ပြည်တွင်းမှာ ထုတ်နိုင်သလား။ အစာထုတ်နိုင်တဲ့ စက်ရုံတွေရောရှိရဲ့လား။"

"ပြည်တွင်းမှာ ပုစွန်အစာထုတ်နိုင်တဲ့ စက်ရုံတွေရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၁ -၂၀၁၂ ခုနှစ်အတွင်း ပြည်တွင်းစက်ရုံတွေက ပုစွန်အစာ တန် ၂၈၈၀ ခန့် ထုတ်လုပ်ခဲ့ပြီး ပြည်ပကုမ္ပဏီက တန် ၂၅၀၀ ခန့် တင်သွင်းခဲ့ရပါတယ်။ ပုစွန်အစာက အသားဓာတ်ပါဝင်မှုမြင့်မားတာကြောင့် ဈေးကြီးပါတယ်။ ပြည်ပကမှာတဲ့ ပုစွန်အစာတစ်တန်ကို သိန်း ၄၀ လောက်ပေးရပါတယ်။ တကယ်တမ်းကျတော့ မွေးမြူရေးလုပ်ငန်းတစ်ခုမှာ အစာဖိုးက မွေးမြူရေးလုပ်ငန်းကြီး တစ်ခုလုံးရဲ့ ၇၀ ရာခိုင်နှုန်းလောက် ကုန်ကျပါတယ်။ ဒါ့ကြောင့် ပုစွန်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ဖို့က နှေးနေရတာပါ။

"မင်းကတော့ လုပ်ပြီ။ အဲဒီလိုတော့ လျှောမချနဲ့လေကွာ။ မင်းပုစွန်က မွေးပြီးတော့ရော ဈေးကွက်ရှိသလား။"

အစ်ကိုကြီးက နောက်ဆုံးမေးခွန်းကို မေးလာခြင်းဖြစ်သည်။

"ဈေးကွက်ကတော့ အစ်ကိုကြီးရေ ပြေးတွက်စရာမလိုပါဘူး။ ကျွန်တော်တို့ရဲ့ ဖောက်သည်ကြီးမြောက်ပိုင်းက စိန့်တိုင်းပြည်ကြီးရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၁-၂၀၁၂ ခုနှစ် က ငါးလုပ်ငန်းဦးစီးဌာနရဲ့ ပြည်ပပို့ကုန်စာရင်းများအရ တရုတ်ပြည်ကို ပုစွန် ၉၀၇၅ ဒသမ ၇၅၄ မက်ထရစ် တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၀၇၄ သန်း ရရှိခဲ့ပြီးဖြစ်ပါတယ်။ တရုတ်ပြည် အကောက်ခွန်စာရင်းကိန်းဂဏန်းများအရ ပြည်ပနိုင်ငံများမှ ပုစွန်ဝယ်ယူမှုက ၂၀၁၂ ခုနှစ် မေလအထိ ၄၅၁၇၇၈ မက်ထရစ်တန် ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ နိုင်ငံက ပုစွန်ထုတ်လုပ်မှု ၁၀ဆ၊ အဆ ၂၀ တိုးထုတ်ဦး၊ ဝယ်မယ့်လူက အသင့်ရှိနေပါတယ်။"

### ဘာလုပ်နေသလဲ

"အေးပါ မင်းပြောတာတော့ ဈေးကွက်တော့ရှိပြီထား။ အဲဒီဈေးကွက်အတွက် ပုစွန်တိုးချဲ့မွေးမြူဖို့၊ ထုတ်လုပ်ဖို့ မင်းတို့ဝန်ကြီးဌာနက ဘာလုပ်နေသလဲ၊ ဘယ်လိုလုပ်ကြမှာလဲ။"

"အစ်ကိုကြီးမေးခွန်းက ဖြေရမှာအရှည်ကြီးရယ်။ လောလောဆယ်တော့ ပြီးခဲ့တဲ့ နှစ်ပတ်လောက်က တနင်္သာရီတိုင်းဒေသကြီးကို ကျွန်တော်သွားပြီး ပုစွန်မွေးမြူရေးသမားတွေနဲ့ တွေ့ဆုံတယ်။ အခက်အခဲတွေမေးတယ်။ သူတို့မွေးချင်တဲ့မြေနေရာတွေ လိုက်ကြည့်ပြီး လယ်ယာမြေ မဟုတ်တဲ့မြေတွေ၊ မြေလွတ်မြေရိုင်းတွေကို တိုးချဲ့မွေးမြူနိုင်ဖို့ ညှိပေးခဲ့တယ်။ မြေစာရင်းအဖွဲ့တွေနဲ့ အမြန်အကောင်အထည်ဖော်နိုင်အောင် ဆင်းပြီးလုပ်ခိုင်းထားတယ်။

"ဒီတစ်ပတ် ဗုဒ္ဓဟူးနေ့မှာ အစ်ကိုကြီး ရုပ်မြင်သံကြားသတင်းမှာမြင်တဲ့အတိုင်း ဝန်ကြီးဌာနမှာ **"ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး"** စကားဝိုင်းလုပ်ဖြစ်တယ်။ လက်တွေ့သွားပြီး ကြည့်တာ။ ပုစွန်မွေးတဲ့တောင်သူတွေနဲ့ ဆွေးနွေးခဲ့တာနဲ့ အခုစကားဝိုင်းက အချက်အလက်တွေပေါင်းဆုံမိတော့ ကျွန်တော်တို့ လုပ်ရမယ့်အလုပ်တွေ အများကြီးပေါ်လာတယ်။ အထူးသဖြင့် ပုစွန်မွေးသမားတွေက နိုင်ငံတော်က စပါးစိုက်ပျိုးတဲ့ တောင်သူတွေကို နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးစီမံကိန်းကနေ တစ်ဧကနှစ်သိန်း ထောက်ပံ့ပေးတယ်။ စပါးစိုက်ရင် စက်ဖိုး၊ မျိုးဖိုး၊ မြေဩဇာဖိုး၊ စိုက်ခ၊ ရိတ်ခ၊ ပေါင်းလိုက်ခ အပါအဝင် တစ်ဧကမှ စိုက်စရိတ် ခြောက်သိန်း၊ ခုနစ်သိန်းပဲ ကုန်တာ။ သူတို့ပုစွန်မွေးရင် ကန်ဖော်စရိတ်မပါဘဲတောင်၊ ပုစွန်မျိုးဖိုး၊ အစာဖိုး တစ်ဧက သိန်း(၇၀-၈၀)ကုန်တာ။ သူတို့လည်း နိုင်ငံတော်က ထောက်ပံ့ကြေးရချင်တယ်။ ကဲ - အစ်ကိုကြီးရေ အဲဒီကိစ္စတွေ ဆက်ပြီးလုပ်ဖို့ အခုလောလောဆယ်တော့ ဖုန်းချလိုက်တော့မယ်။"

ကျွန်တော်က စကားဆက်ဖြတ်၍ ဖုန်းချဖို့ ကြိုးစားလိုက်သည်။

"ကိုအောင်ရေ ပုစွန်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ဖို့ကို ငါသိချင်တာတွေ အများကြီး ကျန်သေးတယ်။ အထူးသဖြင့် ဇီဝလုံခြုံမှုကိစ္စရပ်တွေနဲ့ ပုစွန်မှာဖြစ်တတ်တဲ့ ရောဂါတွေအကြောင်း။ နောက်နှစ်ရက်နေရင် ငါပြန်ပြီးဆက်ပါ့မယ်။ ငါ့ညီ အဲဒီကျလည်း စိတ်ရှည်ရှည်နဲ့ ဖြေပေးဦး။"

ပြောပြောဆိုဆိုဖြင့် အစ်ကိုကြီးဖုန်းချသွားသည်။

ပုစွန်မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေးအတွက် အစ်ကိုကြီးစိတ်ဝင်စားကြောင်းသိရ၍ ကျွန်တော်ကြည်နူးဝမ်းသာမိပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ထောက်ရှာပင်ရေနံမြေ၊ မန်းရေနံမြေနှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး) ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၇

**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မကွေးတိုင်းဒေသကြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းလက်အောက်ရှိ ထောက်ရှာပင်-ထန်းကိုင်း-ရေနံမ ရေနံမြေ၊ မန်းရေနံမြေနှင့် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ် (၁) ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)တို့ကို သွားရောက်၍ ရေနံနှင့် သဘာဝဓာတ်ငွေ့စူးစမ်းရှာဖွေရန် တွင်းအမှတ် (၈၈၅) တူးဖော်မှုနှင့် စက်ရုံပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းလက်အောက်ရှိ ထောက်ရှာပင်-ထန်းကိုင်း-ရေနံမ ရေနံမြေ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ လိုအပ်လျက်ရှိသော ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အလားအလာအသစ်များ စူးစမ်းရှာဖွေကြရန်လိုအပ်သကဲ့သို့ လက်ရှိထုတ်လုပ်နေမှုကို ရေရှည်ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်မှ အားပေးဆောင်ရွက်နေသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးမြှင့် ထုတ်လုပ်နိုင်ရေး ခေတ်မီနည်းပညာသစ်များ အသုံးပြု၍ ရှာဖွေဆောင်ရွက်ခြင်း၊ လုပ်ငန်းသုံးစက်ပစ္စည်းများအတွက် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံဖြည့်ဆည်းရေး လေ့လာသုံးသပ်တင်ပြရန် လိုအပ်ကြောင်း၊ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများနှင့် ရေနံစိမ်းများကို လက်ခံသိုလှောင်ထားသော သံကန်တန်းများအား အဖျက်အမှောင့် လုပ်ငန်းများ မရှိစေရေး လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး တွင်းအမှတ် (၈၈၅) တူးဖော်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**စက်ရုံများ စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန်းရေနံမြေသို့ရောက်ရှိပြီး ထောက်ရှာပင်-ကမ်းနီ ရေနံမြေနှင့် မန်းရေနံမြေများမှ ထွက်ရှိသောရေနံစိမ်းကို ရေနံချက်စက်ရုံ၏ ကုန်ကြမ်းအဖြစ်လည်းကောင်း၊ မန်းရေနံမြေမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့ကို ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး) မှ ကုန်ကြမ်းအဖြစ် လည်းကောင်း၊ အသုံးပြုလည်ပတ်သဖြင့် စက်ရုံများ စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေး ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး အင်ပြည့်အားပြည့် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရေနံမြေစုပေါင်းခန်းမတွင် ရေနံမြေဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေး ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

**စစ်ဆေးပြင်ဆင်ထားကြရန် လိုအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ် (၁) ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး) သို့ ရောက်ရှိပြီး စက်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် Procedure နှင့် Guidline များအတိုင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စက်ကြွံခိုင်ကောင်းမွန်စေရေး ဆောင်ရွက်နေစဉ်ကာလအတွင်း Control system အပိုင်းကိုလည်း စစ်ဆေးပြင်ဆင်ထားကြရန် လိုအပ်ကြောင်း၊ စက်ရုံပြန်လည်လည်ပတ်ပါက စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရန် အရေးကြီးပါကြောင်း၊ စက်ရုံမှ ထွက်ရှိသော ရေနံဓာတ်ငွေ့ရည်ကို ပြည်သူများသို့ သက်သာလွယ်ကူစွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် စီမံချက်များရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။



မကွေးတိုင်းဒေသကြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းလက်အောက်ရှိ ထောက်ရှာပင်-ထန်းကိုင်း-ရေနံမ ရေနံမြေ၊ မန်းရေနံမြေတို့မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့စွမ်းအင် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး) မှ ထုတ်လုပ်သော ရေနံဓာတ်ငွေ့ရည်ကို ပြည်သူများသို့ သက်သာလွယ်ကူစွာ ဖြန့်ဖြူးပေးနိုင်ရေး စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၇

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ရွှေဘိုမြို့ မြို့တော်ခန်းမ၌ အခြေပြု၍ ရွှေဘိုမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၈၁၄ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၃၅ ဦး၊ ခွဲစိတ်ရောဂါ ၆၅ ဦး၊ သားဖွား မီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၆၂ ဦး၊ အရိုးရောဂါ ၉၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၂၁၃ ဦးနှင့် သွားရောဂါ ၆၈ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာ ရှစ်ဦးနှင့် မျက်စိခွဲစိတ်လူနာ ကိုးဦးတို့ကို ရွှေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၃၉ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၆ ဦးတို့ကို ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ် စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည့် အပြင် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံရန် လိုအပ်သူ ၂၅ ဦးအား ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေဘိုမြို့နယ်ဦးစီးမှူးရုံးမှ Biometric အချက်အလက် ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းများဆောင်ရွက်ကြောင်း သိရသည်။







**ကြည့်ရှုအားပေး**

ထိုသို့ နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သို့ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ စားသောက်ရေး အဆင်ပြေစေရန်အတွက် တာဝန်ရှိသူများနှင့် ဒေသခံစေတနာရှင်ပြည်သူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများ၊ ရွှေဘိုမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လာရောက် ကြည့်ရှုအားပေးသည်။

**ပြည်သူများ၏ စကားသံများ**

နယ်လှည့် အထူးဆေးကုသရေးအဖွဲ့ထံသို့ လာရောက်ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုကြားသိရသည်-

“ မျက်စိ တိမ်ပါတာ မမြင်ရလို့ ခွဲစိတ်ကုသပါတယ်။ မမြင်ရတာလည်း တစ်လကျော်လောက်ရှိပါပြီ။ ဒီနယ်လှည့်ဆေးကုသအဖွဲ့နဲ့ကြုံလို့ မြင်ရမယ်ဆိုလို့ ဝမ်းသာပီတိလည်း ဖြစ်မိပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ဘာပဲပြောပြော အပြင်မှာ ခွဲမယ်ဆိုရင် စရိတ်စကတွေ အများကြီး ဈေးကြီးပါတယ်။ ဒါကြောင့်ဒီမှာ လာပြီးအခမဲ့ခွဲစိတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဆရာဝန်၊ ဆရာမတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်။”

“မနေ့က လာရောက်ခွဲစိတ်ကုသတာပါ။ မျက်လုံးအိမ်ကျဉ်းတော့တော်တော်လေး ခွဲယူရပါတယ်။ အခုကျတော့ ကောင်းသွားပါပြီ၊ တဖြည်းဖြည်းတော့ တအားကြီးမြင်ရမှာပေ့ါ။ အခုဆိုလို့ရှိရင် အရင်က မမြင်ရတာတွေ မြင်ရပြီပေ့ါ။ လာရောက်ကုသပေးတဲ့ ဆရာဝန်တွေ၊ ဆရာမတွေ၊ သားတွေ သမီးတွေကိုလည်း အလွန်ကျေးဇူးတင်ပါတယ်။ ပိုက်ဆံမရှိလို့ မခွဲနိုင်ဘူး။ သေရင်တောင် အကန်းနဲ့ သေရမှာပါ။ အခုလို လာရောက်ခွဲစိတ်ကုသပေးတဲ့အတွက် မြင်ရပါပြီ။ ကျေးဇူးတွေအများကြီးတင်ပါတယ်။ မျက်မှန်တပ်ပေးတာအကုန်လုံး၊ တစ်ဖွဲ့သားလုံးကို ကျေးဇူးတင်ပါတယ်။ အမေကြီးနဲ့ ထပ်တူထပ်မျှ ရောဂါအမျိုးမျိုး၊ ဘေးအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုးမှ ကင်းဝေးပါစေလို့ ဆုတောင်းပေးပါတယ်။ ကျန်းမာလို့ချမ်းသာကြပါစေ။”

**သတင်းစဉ်**

# မဟာဗျူဟာနှင့်နည်းဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေး ကင်ဂျုံအန်နှင့် ရှိုဂူတို့ ဆွေးနွေး



ရုရှား ကာကွယ်ရေးဝန်ကြီး ဆာဂျီ ရှိုဂူနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်။

ပြုံယမ်း စက်တင်ဘာ ၁၇

**မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ရုရှားပစိဖိတ်ရေတပ်အခြေစိုက်စခန်းကို ကြည့်ရှုရန်နှင့် ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီ ရှိုဂူကို တွေ့ဆုံရန်အတွက် ရုရှားနိုင်ငံ အရှေ့ဖျားဒေသရှိ ဗလာဒီဗော့စတော့ခ်သို့ သွားရောက်ခဲ့ကြောင်း သိရသည်။**

နှစ်နိုင်ငံတပ်မတော်အကြား နောက်ထပ်မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုနှင့် နည်းဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်ပြီး စက်တင်ဘာ ၁၆ ရက်က အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း မြောက်ကိုရီးယားမီဒီယာက စက်တင်ဘာ ၁၇ ရက်တွင် ဖော်ပြသည်။ ပစိဖိတ်ရေတပ်အုပ်စုရှိ ရေယာဉ်များ၏ စစ်ဆင်ရေးစွမ်းရည်များ၊ စက်ကိရိယာများအကြောင်းနှင့် ပတ်သက်ပြီး ကင်ဂျုံအန်းကို အကျဉ်းချုံးရှင်းလင်းတင်ပြခဲ့ကြောင်း အဆိုပါမီဒီယာက ပြောသည်။

ထိုနေ့နှောင်းပိုင်းတွင် ကင်ဂျုံအန်သည် ကာကွယ်ရေးနှင့် လုံခြုံရေးတွင် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီး ရှိုဂူနှင့် လက်တွေ့ကျသောကိစ္စရပ်များအပေါ် အပြုသဘောဆောင်သောဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ သို့သော်လည်း ဆွေးနွေးမှုအသေးစိတ်ကို ဖော်ပြထားခြင်းမရှိပေ။

မြောက်ကိုရီးယား စောင့်ကြည့်လေ့လာသူများက ခရီးစဉ်ရလဒ်အဖြစ် ရုရှားနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် မည်ကဲ့သို့ထွက်ပေါ်လာမည်ဆိုသည်ကို အာရုံစိုက်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

---

## အဝေးထိန်းအာရုံခံစနစ်သုံး ဂြိုဟ်တုသစ်တစ်စင်း တရုတ် လွှတ်တင်



**စီချန်း စက်တင်ဘာ ၁၇**

တရုတ်နိုင်ငံသည် နိုင်ငံအနောက်တောင်ဘက် စီချွမ်ပြည်နယ်ရှိ ရှီရှန်း ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ အဝေးထိန်းအာရုံခံစနစ်သုံး ဂြိုဟ်တုသစ်တစ်စင်းကို စက်တင်ဘာ ၁၇ ရက်က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

Yaogan-39 အမည်ရ အဆိုပါ ဂြိုဟ်တုကို လောင်းမာ့ချ်-၂ ဒီ သယ်ဆောင်ရေး ဒုံးပျံဖြင့် ပေကျင်းစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၃ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ အဝေးထိန်းအာရုံခံစနစ်သုံးဂြိုဟ်တုသည် စီစဉ်သတ်မှတ်ထားသည့် ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့သည်။

ထို့အပြင် အဆိုပါဂြိုဟ်တုလွှတ်တင်မှုသည် လောင်းမာ့ချ် သယ်ဆောင်ရေးဒုံးပျံများ၏ ၄၈၈ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

---

## ခရီးသွားများကိုဆွဲဆောင်နိုင်ရန် ရှန်ဟိုင်းတွင် ခရီးသွားပွဲတော်ကျင်းပ

**ရှန်ဟိုင်း စက်တင်ဘာ ၁၇**

(၃၄)ကြိမ်မြောက် ရှန်ဟိုင်းခရီးသွားပွဲတော်ကို စက်တင်ဘာ ၁၆ ရက်တွင် ကျင်းပခဲ့ပြီး အောက်တိုဘာ ၆ ရက်အထိ ပြုလုပ်သွားမည်ဟု သိရသည်။

ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါပွဲတော်ကို ကျင်းပရခြင်းဖြစ်သည်။ ရှန်ဟိုင်းမြို့တွင် အရှေ့တိုင်းပုလဲမျှော်စင်၊ ရှန်ဟိုင်း သဘာဝတောရိုင်းတိရစ္ဆာန်ဥယျာဉ်၊ ဖန်ကျင်း ရှေးဟောင်းမြို့ အပါအဝင် ခရီးသွားများကို ဆွဲဆောင်နိုင်သည့် နေရာပေါင်း ၇၀ ခန့်ရှိရာ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ လာရောက်လည်ပတ်သူများကို ၅၀ ရာခိုင်နှုန်း စျေးလျှော့ပေးသွားမည်ဟု သိရသည်။



ရှန်ဟိုင်းမြို့အရှေ့ပိုင်း ညအလှကို တွေ့ရစဉ်။

ရှန်ဟိုင်းမြို့အတွင်း ခရိုင် ၁၆ ခုတွင်လည်း ယဉ်ကျေးမှုနှင့် ခရီးသွားလာမှုဆိုင်ရာ လှုပ်ရှားမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ် ပထမနှစ်ဝက် ကာလအတွင်း ရှန်ဟိုင်းသို့ ပြည်တွင်းခရီးသွား ၁၃၉ သန်းကျော် လာရောက်လည်ပတ်ခဲ့ပြီး အခွန်ငွေ ယွမ် ၁၅၅ ဘီလီယံ ရှာဖွေပေးနိုင်ခဲ့သည်ဟု ရှန်ဟိုင်း ယဉ်ကျေးမှုနှင့် ခရီးသွားလာမှုဆိုင်ရာ မြူနီစီပယ် စီမံအုပ်ချုပ်ရေးရုံး၏ အချက်အလက်များအရ သိရသည်။ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရှန်ဟိုင်းခရီးသွားပွဲတော်ကို ၁၉၉၀ ပြည့်နှစ်မှ စတင်ကာ ကျင်းပခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

---

## ဘရာဇီးနိုင်ငံ အမာဇုံးနပ်ပြည်နယ်၌ လေယာဉ်ပျက်ကျမှုကြောင့် ၁၄ ဦးသေဆုံး

**ဆော်ပိုလို စက်တင်ဘာ ၁၇**

ဘရာဇီးနိုင်ငံမြောက်ပိုင်း အမာဇုံးနပ်ပြည်နယ်ကုန်းတွင်းမြို့ဖြစ်သည့် ဘာစီလို့စ်မြို့တွင် စက်တင်ဘာ ၁၆ ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုကြောင့် လူ ၁၄ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ဒေသခံအာဏာပိုင်များက ပြောသည်။

လေယာဉ်ပေါ် လိုက်ပါလာကြသူများမှာ ငါးဖမ်း ခရီးထွက်လာကြသူများဖြစ်သည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး ဝေလ်ဆင်လီမာ က သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။ ခရီးသွားအားလုံးမှာလည်း ဘရာဇီးနိုင်ငံသားများဖြစ်သည်ဟု ကနဦးရရှိသည့်အချက်အလက်များအရ သိရသည်။

ဘာစီလို့စ်မြို့အရောက်တွင် လေယာဉ်မောင်းသူမှာ ပြေးလမ်းရှာရာတွင် ပြဿနာကြုံခဲ့သည်ဟု သိရသည်။ သေဆုံးသွားသူများတွင် ခရီးသည် ၁၂ ဦး၊ လေယာဉ်မောင်းသူနှင့် တွဲဖက်လေယာဉ်မောင်းတို့ ပါဝင်ကြသည်ဟု မြို့တော်ဝန် အက်ဆင်မန်းဒက်စ်က ပြောသည်။

**ဆင်ဟွာ**

---

## တရုတ်နိုင်ငံ၌ အသုံးပြု စက်ဘီးအစီးရေ သန်း ၂၀၀ ကျော်ရှိဟုဆို

**ပေကျင်း စက်တင်ဘာ ၁၇**

တရုတ်နိုင်ငံ၌ အသုံးပြုသော စက်ဘီးအစီးရေ သန်း ၂၀၀ ကျော်ရှိကြောင်းနှင့် ၎င်းက ကာဗွန်နည်းသော ခရီးသွားလာမှုကို မြှင့်တင်ရာရောက်ကြောင်း စက်တင်ဘာ ၁၇ ရက်တွင် တရုတ်စက်ဘီးစီးအသင်းက ပြောသည်။

တရုတ်မြို့ပြ လူတန်းစားများသည် အကြိမ် ၁၀၀ တွင် ၃၀ ခန့် စက်ဘီး သို့မဟုတ် လျှပ်စစ်စွမ်းအင်သုံး နှစ်ဘီးတပ်ယာဉ်များကို စီးနင်းသွားလာကြကြောင်း သိရသည်။

ပေကျင်း၊ ချန်ဆာနှင့် ချန်ဒူအပါအဝင် မြို့ကြီး ရှစ်မြို့မှအသင်းအဖွဲ့များက ကောက်ယူသော စစ်တမ်းအရ ထိုကဲ့သို့ ပြုလုပ်ခြင်းအားဖြင့် တရုတ်နိုင်ငံတစ်ဝန်း တစ်ရက်လျှင် ကာဗွန်ထုတ်လွှတ်မှု တန် ၁၀၀၀၀ ခန့်ကို လျှော့ချနိုင်သည်ဟု သိရသည်။ စက်ဘီးမျှဝေသုံးစွဲခြင်း၊ ဗဟိုပြုအားသွင်းခြင်းနှင့် ဘက်ထရီလဲလှယ်အသုံးပြုခြင်းများသည် တရုတ်နိုင်ငံတွင် လူကြိုက်များလျက်ရှိသည်။

**ဆင်ဟွာ**



---

## တူနီးရှားနိုင်ငံ၌ တရားမဝင် နေထိုင်ခြင်းကို တိုက်ဖျက်ရန် လုံခြုံရေးလှုပ်ရှားမှုလုပ်ဆောင်

**တူးနစ် စက်တင်ဘာ ၁၇**

တရားမဝင်ခိုးဝင်နေထိုင်မှုကို တိုက်ဖျက်ရန်အတွက် တူနီးရှားနိုင်ငံအရှေ့တောင်ပိုင်း ဆာဖက်မြို့၌ လုံခြုံရေးဆိုင်ရာ လှုပ်ရှားမှုကို စက်တင်ဘာ ၁၆ ရက်က တူနီးရှားအာဏာပိုင်များ ပြုလုပ်ခဲ့သည်ဟု မီဒီယာများတွင် ဖော်ပြသည်။

တူနီးရှားသမ္မတ ကိုင်ဆိုက်၏ ညွှန်ကြားမှုကိုအခြေခံကာ တရားမဝင်ခိုးဝင်နေထိုင်မှုကို ရပ်တန့်ရန်အတွက်ရည်ရွယ်ကာ ပြုလုပ်ခြင်းဖြစ်သည်ဟု တီအေပီသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ လုံခြုံရေးလှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆာဖက်ပြည်နယ် ကာကန်နာ့ကျွန်းတွင် လေကြောင်းစစ်ဆင်ရေးပြုလုပ်ခဲ့ပြီး အထူးလုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်ခဲ့သည်။

အီတလီနိုင်ငံ လမ်ပီဒူဆာကျွန်းသို့ ခိုးဝင်ရန် ဆာဖက်ပြည်နယ်ကမ်းရိုးတန်းကို ဦးစွာချဉ်းကပ်ကြရာ ယင်းသို့ခိုးဝင်ရန် ကြိုးပမ်းမှုကို နှိမ်နင်းရန်အတွက် ယခုကဲ့သို့ လုံခြုံရေးလှုပ်ရှားမှု ပြုလုပ်ကြခြင်းဖြစ်သည်။ လမ်ပီဒူဆာကျွန်းသည် တရားမဝင်ခိုးဝင်နေထိုင်သူများ အီတလီနိုင်ငံသို့ဝင်ရောက်ရန် ပထမဆုံးခြေချသည့်ကျွန်းဖြစ်ပြီး အဆိုပါကျွန်းမှာ တူနီးရှားကမ်းရိုးတန်းနှင့် ၈၀ ကီလိုမီတာခန့်သာ ကွာဝေးသည်။

**ဆင်ဟွာ**

# စစ်ကိုင်းတိုင်းအတွင်း ဖြစ်ပေါ်နေသော စပါး/ ဆန် ဈေးနှုန်းနှင့် စီးထွက်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့် ရေဦးခရိုင်များအနက် ရွှေဘိုခရိုင်နှင့် ရေဦးခရိုင်တို့တွင် ရောမင်းစပါး လက်ကျန်မရှိသလောက် နည်းပါးနေကြောင်း၊ ကန့်ဘလူခရိုင်၌ စပါးဈေးနှုန်း အနည်းငယ်ကျဆင်းပြီး ကလေးခရိုင်တွင် စပါးဈေးနှုန်း အနည်းငယ်မြင့်တက်နေကာ ကျန်ခရိုင်များတွင် စပါးဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ ပထမပတ်တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများမှာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်၌ ရွှေဘိုပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၇ သိန်း၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၈၀၀၀၊ နှံ့စပါး(ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၉ သိန်း၊ နှံ့စပါး (ရွှေဝါထွန်း) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ရေဦးခရိုင် ရေဦးမြို့နယ်၌ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၇ သိန်း၊ ပေါ်ဆန်း (ဆန်) တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၈၀၀၀၊ နှံ့စပါး (ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၉ သိန်း၊ နှံ့စပါး (ရွှေဝါထွန်း) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်၌ ညို့မထ (စပါး) တင်း ၁၀၀ လျှင် ၃၂ သိန်း၊ ညို့မထ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ငစိန် (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၁ သိန်း၊ ငစိန် (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ ရောမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၃၅ သိန်း၊ ရောမင်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊



နှံ့စပါး (ဒေသမျိုး)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၁၅၀၀၀၀၊ နှံ့စပါး (ဒေသမျိုး)(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကသာခရိုင် အင်းတော်မြို့နယ်၌ မော်ဘီ-၂ (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၉၅၀၀၀၀၊ မော်ဘီ-၂ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၁၀၀၀၊ ဆင်းကေရီ-၃ (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၁ သိန်း၊ ဆင်းကေရီ-၃ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၄ သိန်း၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ နှံ့စပါး (ဆင်း-၃) (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၃ သိန်း၊ နှံ့စပါး (ဆင်း-၃) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့၌ ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၃ သိန်း၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၇ သိန်း၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ မနောသုခ (စပါး) တင်း ၁၀၀လျှင် ကျပ် ၂၆ သိန်း၊ မနောသုခ(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကန့်ဘလူခရိုင် ကန့်ဘလူမြို့တွင် ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ်သိန်း ၃၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၅ သိန်း၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၄၀၀၀၊ နှံ့စပါး (ရွှေဝါထွန်း) (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၈ သိန်း၊ ရွှေဝါထွန်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ ဩဂုတ်လ (နောက်ဆုံးပတ်) တွင် ရန်ကုန်သို့ အိတ်ရေ ၁၅၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၉၁၀၀၊ မကွေးသို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ကချင်သို့အိတ်ရေ ၅၀၀ စုစုပေါင်း အိတ်ရေ ၅၉၂၀၀ (တန်အားဖြင့် ၂၉၆၀) စီးထွက်ခဲ့ပြီး စက်တင်ဘာလ (ပထမပတ်) တွင် ရန်ကုန်သို့ အိတ်ရေ ၁၁၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၃၇၀၀၊ မကွေးသို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၃၅၀၀၊ ရှမ်း(မြောက်) သို့ အိတ်ရေ ၃၅၀၀၊ ကချင်သို့ အိတ်ရေ ၂၀၀ စုစုပေါင်းအိတ်ရေ ၄၇၅၀၀ (တန်အားဖြင့် ၂၃၇၅ တန်) စီးထွက်ခဲ့ကြောင်း သိရသည်။

DOCA (စစ်ကိုင်း)

## ကျောက်ဆည်ခရိုင်အတွင်း ငှက်ပျောစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း စပါး၊ ပဲ၊ ပြောင်း သီးနှံများအပြင် ငှက်ပျောသီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ ခရိုင်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငှက်ပျောစိုက်ဧက ၂၅၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငှက်ပျောစိုက်ဧက ၂၅၉၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ငှက်ပျောတစ်ဧက စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ် ၁၅ သိန်းခန့် ကုန်ကျပြီး ငှက်ပျောသီးနှံများ ဈေးကောင်းရရှိသည့်အတွက် ခရိုင်အတွင်း ငှက်ပျောစိုက်ဧကမှာ ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးလျက်ရှိကြောင်း၊ ယခင်နှစ် ငှက်ပျောပေါ်ချိန်တွင် ငှက်ပျော (ဖီးကြမ်း) အခိုင် ၄၀ ပါ လှည်းတစ်စီးလျှင် ကျပ် ၂၄၀၀၀၀ ဖြင့် လည်းကောင်း၊ လက်ရင်းတစ်ဖီးလျှင် ကျပ် ၇၀၀ ဖြင့်လည်းကောင်း၊ လက်ဖျားတစ်ဖီးလျှင် ကျပ် ၄၀၀-၅၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခုလက်ရှိတွင် ခြံအဟောင်းထွက် ငှက်ပျော (ဖီးကြမ်း) အခိုင် ၄၀ ပါ လှည်းတစ်စီးလျှင် ကျပ် ၄၀၀၀၀၀ ဖြင့်လည်းကောင်း၊ လက်ရင်းတစ်ဖီးလျှင် ကျပ် ၃၀၀၀-၃၅၀၀ ဖြင့်လည်းကောင်း၊ လက်ဖျားတစ်ဖီးလျှင် ကျပ် ၂၀၀၀-၂၅၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်နှစ်နှင့် ယခုနှစ် ငှက်ပျောသီးဈေးနှုန်းများကို နှိုင်းယှဉ်ပါက ယခုနှစ်တွင် တောင်သူများ ငှက်ပျောသီးဈေးကောင်းရ၍ ငှက်ပျောစိုက်ခင်းများ ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။

DOCA (မန္တလေး)

## မုံရွာမြို့နယ်ရှိ ငရုတ်သီးခြောက် ဈေးနှုန်းဈေးကွက်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ညောင်ပင်တဲ၊ ကျောက်ခွက်၊ ဘုမ္မနီး၊ ထနောင်းတော၊ မြေနဲ၊ ဆည်ကြီးတော၊ သစ်ညိုပင် ကျေးရွာများတွင် စားဖိုဆောင်သီးနှံဖြစ်သော ငရုတ်သီးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ငရုတ်သီးကို ဒေသတွင်း လက်လီ/ လက်ကားသမားများဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း၊ ငရုတ်သီးခြောက်ကို မုံရွာမြို့ရှိ ပွဲရုံများမှ တစ်ဆင့် ဈေးများ၊ ကုန်စုံဆိုင်များ၊ ကျေးရွာများသို့ လက်လီ/ လက်ကားရောင်းချကြောင်း၊ မုံရွာမြို့နယ်မှ ထွက်ရှိသော မိုးမျှော် ငရုတ်သီးခြောက် ဈေးနှုန်းများမှာ လက်ရှိအချိန်တွင် ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် ကျပ် ၁၉၀၀၀၊ လက်လီဈေး တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀-၂၁၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းနှင့် မုံရွာမြို့နယ်ထွက် ငရုတ်သီးခြောက်များ ဈေးကောင်းရရှိနေသည့်အတွက် ငရုတ်သီးနှံစိုက်ပျိုးသူ တောင်သူများလည်း အကျိုးအမြတ်များရရှိကာ အဆင်ပြေနေကြောင်း သိရသည်။



DOCA (စစ်ကိုင်း)

## ပေါက်ခေါင်းမြို့နယ်၌ မိုးမြေပဲ စတင်ထွက်ပေါ်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ပြည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်များ၌ မိုးလယ်ကာလတွင် မိုးမြေပဲများ စတင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။ မိုးမြေပဲများကို မိုးဦးကာလဖြစ်သော ဇွန်လတွင်



စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီး သုံးလအကြာ မိုးလယ်ကာလတွင် စတင်ထွက်ရှိကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မိုးမြေပဲများ စတင်စိုက်ပျိုးချိန်မှစ၍ သီးနှံထွက်ရှိချိန်အထိ တစ်ဧကလျှင် ကျပ် ၆၅၀၀၀၀-၇၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် မြေအမျိုးအစားပေါ်မူတည်၍ တစ်ဧကလျှင် မြေပဲတင်း ၈၀ ခန့် ထွက်ရှိပြီး မြေပဲအတောင့် တစ်တင်းလျှင် အစေ့အဆန်ပေါ်မူတည်၍ မြေပဲဆန် ငါးပိဿာနှုန်းဖြင့် ပိဿာ ၄၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။ တောင်သူများအနေဖြင့် မြေပဲများကို ကြိတ်ခွဲ၍ ရောင်းချကြပြီး မြေပဲဆန်တစ်ပိဿာလျှင် မြေပဲအမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းကွဲပြားမှုရှိပြီး မြေပဲအဖြူ တစ်ပိဿာလျှင် ကျပ် ၅၅၀၀ နှင့် မြေပဲအနီ တစ်ပိဿာလျှင် ကျပ် ၇၅၀၀ ဈေးနှုန်းများဖြင့် မြေပဲခွဲစက်များသို့ ရောင်းချကြကြောင်း သိရသည်။

DOCA(ပဲခူး)

## နောင်ချိုမြို့နယ်၌ ဖူးစားပြောင်းသီးနှံကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိ

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်၌ မိုးရာသီတွင် ဖူးစားပြောင်းနှင့် အစေ့ထုတ်ပြောင်းသီးနှံများကို အများဆုံးစိုက်ပျိုးကြရာ ဖူးစားပြောင်းမှာ နိုင်ငံခြားပို့ကုန်ကဏ္ဍ၌ အဓိကမပါဝင်သော်လည်း ဒေသတွင်း ဈေးကွက်ဖွံ့ဖြိုးမှုရှိသော သီးနှံဖြစ်သည့်အတွက် ဖူးစားပြောင်းကို အချို့ဒေသများ၌ ဇွန်လမှ ဩဂုတ်လအတွင်း စိုက်ပျိုးကြောင်း သိရသည်။

စိုက်ပျိုးမှုအနေဖြင့် မိုးရွာပြီး မြေကြီးအစိုဓာတ်ရရှိချိန်တွင် ဖူးစားပြောင်းသီးနှံကို စိုက်ပျိုးကြပြီး နုန်းမြေနှင့် စနယ်မြေများ၌ စိုက်ပျိုးရန် ပိုမိုကောင်းမွန်ဖြစ်ထွန်းကြောင်း၊ ဖူးစားပြောင်း၏ စိုက်ပျိုးမှုသက်တမ်းသည် သုံးလခန့်ကြာမြင့်ပြီး တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျမှုမှာ စုစုပေါင်း ကျပ် ၁၀ သိန်းမှ ၁၅ သိန်းခန့် ကုန်ကျမှုရှိကြောင်း၊ နောင်ချိုမြို့နယ်တွင် ဖူးစားပြောင်းသီးနှံကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

DOCA(ရှမ်း)

## သဲကုန်းမြို့နယ်၌ တောင်သူများ နှမ်းနက်သီးနှံကို ပိုမိုစိုက်ပျိုး

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် နှမ်းသီးနှံကို နွေရာသီနှင့် ဆောင်းရာသီတွင် အဓိက စိုက်ပျိုးလျက်ရှိပြီး မိုးကြိုကာလတွင် မိုးနှမ်းများကို စိုက်ပျိုးကြရာ မျိုးအနေဖြင့် နှမ်းနက်ကို ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။ သဲကုန်းမြို့နယ်တွင် လက်ရှိ နှမ်းစိုက်ဧက ၃၆၈ ဧကကို အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိအချိန်တွင် နှမ်းသီးနှံများ ရိတ်သိမ်းလျက်ရှိကြောင်း၊ နှမ်းစိုက်ပျိုးရာတွင် တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ မြေပြုပြင်ခြင်း၊ စိုက်ပျိုး၊ ရိတ်ခြွေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး အပါအဝင် စုစုပေါင်းကုန်ကျစရိတ် ကျပ် ၄၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် ရှစ်တင်းခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် လက်ရှိ ပေါက်ဈေးမှာ နှမ်းနက် တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀ ရရှိရာ တစ်ဧကအကျိုးအမြတ်မှာ ကျပ် ၅၁၀၀၀၀ ခန့် ရရှိသည့်အတွက် နှမ်းသီးနှံကို ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။

DOCA(ပဲခူး)



တလာဂုဏ်ရွာ၌ ယခင်ကရှိခဲ့သည့် သုံးမြှောင့်ဇရပ်။

# တလာဂုဏ် ကရင်လူမျိုးတွေနေထိုင်တဲ့ ရိုးရာရွာလေး ဂုဏ်သာဖေါ်န်

ယဉ်လာဒ်၊ ဓာတ်ပုံ-သူရဦး

**မြန်မာပြည်မှာ တိုင်းရင်းသား ၁၃၅ မျိုး နေထိုင်ကြပြီး တိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့တွေဟာ လူမျိုးတစ်ခုနဲ့တစ်ခု မတူညီကြပါဘူး။ ချစ်စရာကောင်းလှတဲ့ ရိုးရာဓလေ့တွေ နေထိုင်မှုပုံစံတွေဟာ ကွဲပြားကြပါတယ်။ မတူညီတဲ့ရိုးရာဓလေ့တွေကို စိတ်ဝင်စားကြတဲ့ ပြည်တွင်း ပြည်ပဧည့်သည်တွေဟာ တိုင်းရင်းသားတို့ရဲ့ဒေသတွေဆီ ခြေဆန့်လာကြပါတယ်။**

ဒီအထဲကမှ လူဦးရေ နည်းပါးပေမယ့်လည်း ချစ်စရာကောင်းတဲ့ နေထိုင်မှုရိုးရာဓလေ့တွေနဲ့ နေထိုင်နေကြတဲ့ ကရင်ပြည်နယ် ဘားအံမြို့ ဂုဏ်သာဖေါ်န်ရွာက တလာကူ သို့မဟုတ် တလာဂုဏ် ကရင်လူမျိုးတွေနေထိုင်တဲ့ ရိုးရာရွာလေး အကြောင်း မျှဝေပေးချင်ပါတယ်။ လက္ခဏကျေးရွာအုပ်စုထဲမှာပါဝင်တဲ့ ဂုဏ်သာဖေါ်န်ကျေးရွာလေးကို ကော့ကသောင်ဂူနားကနေလည်း သွားရောက်လည်ပတ်နိုင်ပါတယ်။

### အိမ်ခြေ ၂၀ ကျော်ရှိခဲ့

အရင်ကတော့ နိုင်ငံခြားသားအများအပြား သွားရောက်လေ့လာကြတဲ့ ရွာလေးတစ်ရွာ ဖြစ်ခဲ့သလို Photo Essays ပြုလုပ်လိုကြသူတွေ သွားရောက်လေ့လာကြတဲ့ ရွာလေးဖြစ်ပါတယ်။ အရင်တုန်းကတော့ အိမ်ခြေ ၂၀ ကျော် ရှိခဲ့ပေမယ့် လက်ရှိမှာတော့ အိမ်ခြေငါးအိမ်လောက်သာ ရှိပါတော့တယ်။ လူလတ်ပိုင်းနဲ့ လူငယ်တွေကို သိပ်မတွေ့ရတော့ဘဲ လူကြီးပိုင်းလောက်သာ ကျန်ရှိနေတော့တဲ့ ရွာလေးဖြစ်ပါတယ်။

ဂုဏ်သာဖေါ်န်ရွာလေး ဖြစ်တည်လာဖို့ တောင်ကလေးဆရာတော်က ဦးဆောင်မတည်ပြီး ရွာတည်လာခဲ့တာဟာ နှစ်ပေါင်း၂၀ လောက် ရှိခဲ့ပါပြီ။ အရင်တုန်းကတော့ အလွန်စည်ကားတဲ့ရွာ ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဟိုးယခင်ကတည်းက တလာဂုဏ်လူမျိုးတွေနေထိုင်ခဲ့ကြတဲ့ ကော့ကရိတ် ဂျိုင်းရွာအကျော်နားက မြန်မာလိုအခေါ် နဂါးဖြူရွာကို ပြန်သွားနေထိုင်ကြတာမို့ လက်ရှိ ဂုဏ်သာဖေါ်န် ရွာလေးမှာ လူဦးရေနည်းပါးသွားခဲ့ရပါတယ်။

"ကျွန်တော်ကတော့ ဒီဂုဏ်သာဖေါ်န်ရွာလေးကို ချစ်တယ်။ အေးချမ်းတယ်။ ရိုးရာဓလေ့နဲ့နေထိုင်ကြပြီး ချစ်စရာကောင်းတာမို့ ဒီရွာကို နိုင်ငံခြားသားတွေကို ခေါ်ပြလေ့ရှိသလို ဧည့်သည်မရှိတဲ့အခါမှာလည်း တကူးတက သွားရောက်လည်ပတ်ပါတယ်" လို့ ဂုဏ်သာဖေါ်န်ရွာကို အကြိမ် ၁၀၀ ထက်မနည်း သွားရောက်ဖူးတဲ့ ဒေသခံကိုသူရဦးက ပြောပါတယ်။

### ဘုရားဝတ်ပြုတဲ့နေ့

ဧည့်သည်တွေကို အမြဲတမ်းအပြုံးလေးတွေနဲ့ နှုတ်ဆက်ကြတယ်။ တစ်ရွာလုံးက ဖော်ရွေကြပါတယ်။ ဂုဏ်သာဖေါ်န်ရွာရဲ့ အနှစ်သက်ဆုံးအချိန်ကတော့ ဘုရားဝတ်ပြုတဲ့နေ့(အချိန်)လို့ ပြောလို့ရပါတယ်။ အဲဒီနေ့မှာဆိုရင် ရွာမှာ လူဦးရေ စုံစုံညီညီ တွေ့ရပါတယ်။ မိမိတို့ရဲ့လုပ်ငန်းတွေကို ခဏရပ်နားပြီး ရွာမှာစုံစုံညီညီနဲ့ အတူတူဝတ်ပြုကြပါတယ်။ အဲဒီနေ့မှာ ဧည့်သည်တွေအနေနဲ့ ရွာက အိမ်တွေပေါ်ကို တက်ခွင့်မရှိသလို ရွာသားအချင်းချင်းလည်း တစ်အိမ်နဲ့တစ်အိမ် ကူးပြောင်းလို့မရဘူးလို့ ဆိုပါတယ်။ ရွာအလယ်က သုံးမြှောင့်ဇရပ်မှာ ဧည့်သည်တွေကို ဧည့်ခံကြတယ်။

### သုံးမြှောင့်ဇရပ်

ဒါပေမယ့် စိတ်မကောင်းစရာကတော့ အခုဆိုရင် သုံးမြှောင့်ဇရပ်က မရှိတော့ပါဘူး။ သုံးမြှောင့်ဇရပ်ကို ဝါး၊ ကြိမ်၊ နီးတွေနဲ့ပဲ ပြုလုပ်ထားပြီး သံတစ်ချောင်းမှ မသုံးထားပါဘူး။ သုံးမြှောင့်ဓမ္မာရုံလို့လည်း သုံးနှုန်းပါတယ်။ ကရင်၊ ပအိုဝ်း၊ မြောင်လူမျိုးစုသုံးစုကို ကိုယ်စားပြုထားတာဖြစ်တယ်လို့ ဒေသခံတစ်ဦးက စာရေးသူကို ပြောပြပါတယ်။ အဲဒီနေ့မှာ ရွာခံတွေစုပေါင်းပြီး ဇရပ်မှာ ထမင်းလက်ဆုံစားကြတယ်။ ဧည့်သည်တွေကိုလည်း အတူတူဖိတ်ခေါ်ပြီး အတူတူစားကြတယ်။ ဟင်းကတော့ သက်သတ်လွတ်ဟင်းပါ။ ဆီနဲ့အချိုမှုန့် သိပ်မသုံးဘူးလို့ သိရပါတယ်။

ဂုဏ်သာဖေါ်န်ရွာဟာ တလာကူ သာသနာပြုရွာဖြစ်လို့ ရွာအတွင်း စီးပွားရေးလုပ်ကိုင်လို့မရပါဘူး။ ဒါကြောင့်မို့ ရွာအတွင်းမှာ ဈေးဆိုင်တွေ၊ အရောင်းအဝယ်တွေ မရှိကြပါဘူး။ ရွာသူရွာသားတွေရဲ့ အဓိကစီးပွားရေးက လယ်ယာလုပ်ငန်းဖြစ်ပြီး မိုးရာသီမှာ အင်ဥကောက်၊ မှိုရှာ၊ ကဒတ်ရှာတာတွေ လုပ်ပါတယ်။ ဆောင်းရာသီမှာ စပါးစိုက်ပြီး နွေရာသီ တပေါင်း၊တန်ခူးလမှာ အင်ဖက်ကောက်ကြပါတယ်။

### ဓလေ့ထုံးတမ်းစဉ်လာများ

တလာကူကရင်လူမျိုးတွေနေထိုင်ကြတဲ့ ရွာတိုင်းက တလာကူ ကရင်လူမျိုးတွေဟာ ရှေးတုန်းက ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ဓလေ့ထုံးတမ်းစဉ်လာတွေကို တင်းပြည့်ကျပ်ပြည့် လိုက်နာနေထိုင်ရပါတယ်။ ကလေးလူကြီးအားလုံး သက်သတ်လွတ်စားကြရပါတယ်။ ရိုးရာသင်တိုင်းကို ဝတ်ဆင်ရတယ်။ ကိုယ်ဝတ်မယ့်သင်တိုင်းကို မိမိဘာသာ ရက်ယူရတယ်လို့ ဆိုပါတယ်။ အမျိုးသားတွေက နဖူးထိပ်မှာ သျှောင်ထုံးထုံးရပါတယ်။ အမျိုးသမီးတွေက ရိုးရာသင်တိုင်းအရှည်ကို ဝတ်ဆင်ရပြီး အိမ်ထောင်ကျသွားရင်တော့ ဝတ်စုံပြောင်းဝတ်ရပါတယ်။

ရွာရဲ့ စည်းမျဉ်းစည်းကမ်းနဲ့ ရိုးရာဓလေ့ကို ချိုးဖောက်မိခဲ့ရင် ရွာမှာနေခွင့်မရှိဘဲ ရွာအပြင်မှာ ထွက်နေရပါတယ်။ ရွာအတွင်း လယ်ယာလုပ်ငန်းမှာ လုပ်ကိုင်ဖို့ ကျွဲ၊ နွားများနဲ့ အိမ်မွေးတိရစ္ဆာန်မှအပ တခြားတိရစ္ဆာန်တွေကို မွေးမြူခွင့်မရှိဘူးလို့ ဒေသခံဧည့်လမ်းညွှန်တစ်ဦးက ပြောပြပါတယ်။

ဒီလို ဓလေ့တွေနဲ့ နေထိုင်ခဲ့ကြတဲ့ ဂုဏ်သာဖေါ်န် ရွာကလေးဟာ အခုချိန်မှာ လူဦးရေ နည်းပါးသွားခဲ့ပါပြီ။ တောင်ကလေးဆရာတော်ကတော့ ဂုဏ်သာဖေါ်န် ရွာလေးကို ပြန်လာနေထိုင်ကြဖို့၊ စည်းစည်းလုံးလုံးနဲ့ နေထိုင်ကြဖို့ ပြောဆိုထားပေမယ့် ဘယ်နေ့ ဘယ်အချိန်မှာ ပြန်လာနေထိုင်မယ်ဆိုတာကတော့ မသိရပါဘူးလို့ ဒေသခံတစ်ဦးက ပြန်လည်ပြောပြပါတယ်။

နောင်တစ်ချိန်မှာတော့ ဂုဏ်သာဖေါ်န်ရွာလေးမှာ ရွာသူရွာသားတွေ စုံညီလာတဲ့အချိန် တလာကူ ကရင်လူမျိုးတွေနေထိုင်တဲ့ ဂုဏ်သာဖေါ်န်ရွာလေးကို လေ့လာချင်ကြတဲ့ ပြည်တွင်းခရီးသွားတွေ၊ ရိုးရာဓလေ့တွေကို စိတ်ဝင်စားတဲ့ နိုင်ငံခြားသားဧည့်သည်တွေနဲ့ ပြန်လည်စည်ကားလာကြမယ့် မြင်ကွင်းကို မြင်ယောင်မိရင်း ဂုဏ်သာဖေါ်န်ရွာလေးမှာနေထိုင်ကြတဲ့ ချစ်စရာကောင်းလှတဲ့ တလာကူ သို့မဟုတ် တလာဂုဏ် ကရင်လူမျိုးတွေနေထိုင်တဲ့ ရွာလေးကို သွားရောက်လေ့လာနိုင်စေဖို့ ရေးသားဖော်ပြလိုက်ရပါတယ်။ ။



သုံးမြှောင့်ဇရပ်ရှေ့၌တွေ့ရသည့် တလာဂုဏ်လူမျိုး မိသားစုတစ်စု။



ယခင်က လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားများနှင့် တလာဂုဏ်လူမျိုးကလေးငယ်များ။

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် အိမ်ခြံမြေ အသိပညာပေးသင်တန်းဖွင့်လှစ်ပို့ချ

နေပြည်တော် စက်တင်ဘာ ၁၇

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့(ဗဟို) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း(နေပြည်တော်)တို့ ပူးပေါင်းကျင်းပသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် အိမ်ခြံမြေ အသိပညာပေးသင်တန်း အမှတ်စဉ်(၂၃/၂၀၂၃)ကို နေပြည်တော်ရှိ တံ့ဂပူရိဟိုတယ်ခန်းမ၌ စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။** (ယာပုံ)



**လုံခြုံရေးထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်**

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးတင်မောင်ဆွေက မြန်မာနိုင်ငံအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများနှင့် ပတ်သက်၍ အနီရောင်အဆင့်သတ်မှတ်ခံထားရကြောင်း၊ ငွေကြေးခဝါချမှု၏ အကျိုးဆက်များကြောင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမပြေလည်မှုများ၊ တရားစီရင်ရေးမဏ္ဍိုင် ယိမ်းယိုင်မှုများ၊ ဘဏ်လုပ်ငန်းစနစ်မတည်ငြိမ်မှုများ၊ ရာဇဝတ်မှုခင်းများ များပြားခြင်းနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာထိခိုက်မှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ကြောင့် ငွေကြေးရင်းနှီးမြှုပ်နှံမှု ဘီလီယံပေါင်းစွာဖြင့် လုပ်ကိုင်နေသည့် အဓိက စီးပွားရေးနယ်ပယ်များဖြစ်သည့် ကျောက်မျက်ရတနာနှင့် ရွှေရောင်းဝယ်သူများ၊ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းများအနေဖြင့် တရားမဝင်ငွေကြေးများ ပုံဖျက်လုပ်ဆောင်မှုများကို ကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်မှ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်နိုင်စေရေး၊ ငွေကြေးခဝါချမှုအန္တရာယ်ကို နားလည်သိရှိပြီး အနာဂတ်စီးပွားရေးဖွံ့ဖြိုးရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငွေကြေးခဝါချမှုများ ပပျောက်စေရေးတို့အတွက် တရားဝင်မှတ်ပုံတင်ခြင်းနှင့် အဆင့်ဆင့်သတင်းပို့ ဆောင်ရွက်ခြင်းများကို ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးအောင်ထွန်းက အမှာစကားပြောကြားသည်။

**ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများဆွေးနွေး**

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန မြေယာဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုလွင်က ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ အခန်း(၄)၊ ပုဒ်မ(၆)အရ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း မှတ်ပုံတင်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ၊ မှတ်ပုံတင်လျှောက်ထားရာတွင် လိုအပ်သည့်အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်တို့က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အသင်း (နေပြည်တော်) ဥက္ကဋ္ဌ ဦးနန္ဒကျော်က လက်တွေ့အသုံးချ အိမ်ခြံမြေအသိပညာများကို လည်းကောင်း ဆွေးနွေးပို့ချသည်။

**လုပ်ငန်းတိုးတက်အောင် လုပ်ဆောင်နိုင်**

ယခုသင်တန်းဖွင့်လှစ်ပို့ချမှုနှင့် ပတ်သက်၍ နေပြည်တော်အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အသင်း၏ စည်းရုံးရေးမှူး ဒေါ်စန်းစန်းအေးက "သင်တန်းမှာ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း လုပ်ဆောင်ကြသူတွေ၊ အသင်းဝင်တွေအနေနဲ့ သတင်းပို့စနစ်တွေ၊ မှတ်ပုံတင်ရမယ့်နည်းလမ်းတွေ၊ အစိုးရရဲ့ ညွှန်ကြားချက်တွေ၊ ဥပဒေလုပ်ထုံးလုပ်နည်းတွေကို အဖွဲ့ဝင်သစ်တွေအနေနဲ့ သိရှိနားလည်သွားမယ့်အပြင် အဖွဲ့ဝင်ဟောင်းတွေအနေနဲ့လည်း လိုက်နာမှု ပိုကောင်းလာနိုင်ပါတယ်။ နောက်ပြီးတော့ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ဥပဒေနဲ့အညီ လုပ်ဆောင်နိုင်လာကြပြီး အောက်ခြေကနေ အကျိုးဆောင်ကုမ္ပဏီကြီးတွေဖြစ်တဲ့အထိ ဝန်ဆောင်မှုတွေကို အဆင့်မြင့်မြင့်နဲ့ ပေးနိုင်သလို အမြင်ကျယ်လာကာ လုပ်ငန်းတွေ တိုးတက်အောင်မြင်အောင်လည်း လုပ်ဆောင်နိုင်ကြမယ်လို့ ထင်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါသင်တန်းတွင် Steel Stone Group of Companies က ရောင်းချပေးမည့် မြေကွက်များနှင့် အိမ်ရာစီမံကိန်းများအကြောင်းကိုလည်း မိတ်ဆက်ရှင်းလင်းတင်ပြခဲ့သည်။ ယခုကဲ့သို့ အသိပညာပေးဆွေးနွေးပွဲများကို ဩဂုတ်လအတွင်းက မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ပို့ချပေးခဲ့ပြီး စက်တင်ဘာ ၂၂ ရက်တွင် ရခိုင်ပြည်နယ်၊ အောက်တိုဘာလတွင် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် သင်တန်းများ ဆက်လက် ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

# လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများ မြို့နယ်အသီးသီး၌ ကျင်းပ

**နိုင်ငံ၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများအနေဖြင့် အသိဉာဏ်ပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများကို မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။**

## ရန်ကုန်

ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၆ ရက်က ကျင်းပသည့် လူငယ်စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာမွေမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်မို့မို့အောင်နှင့် တာမွေမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာမ ဒေါ်စန်းစန်းနွဲ့တို့က ဦးဆောင်၍ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက လူငယ်နှင့်အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာ စသည့်ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးကြသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**



## အိမ်မဲ

အိမ်မဲမြို့ အထက (၂)ကျောင်း ပညာ့ဗိမာန်ခန်းမ၌ စက်တင်ဘာ ၁၆ ရက်က ကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဆရာကြီး ဦးအောင်မင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဌေးဌေးလှိုင်နှင့် လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး ဒေါ်ဖြိုးဝေလွင်တို့နှင့်အတူ Grade -10, 11, 12 ကျောင်းသား ကျောင်းသူများက ရည်မှန်းချက်၊ စည်းကမ်းဟူသည် လူ့တန်ဖိုး၊ လူငယ်နှင့်အကျင့်စာရိတ္တ၊ မျိုးချစ်စိတ်ဓာတ်နှင့် ယနေ့ လူငယ်၊ ကိုယ်လက်လှုပ်ရှားအားကစား ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ဆွေးနွေးမှုများနှင့်ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

## သန်လျင်

သန်လျင်မြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဘိုးရာဇာခန်းမ၌ စက်တင်ဘာ ၁၆ ရက်က ကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲတွင် ခေတ္တမြို့နယ်ပညာရေးမှူး ဦးအုန်းကျော်က အမှာစကားပြောကြားပြီး လူငယ်ရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးချိုတူးက လူငယ်နှင့်ခေါင်းဆောင်မှု၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စမ်းစမ်းစိမ့်က လူငယ်နှင့်စာပေ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလင်းလင်းထွန်းက လူငယ်နှင့်အားကစား ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောကြသည်။

**သန်းဝင်း(သန်လျင်)**

## မြောင်းမြ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ဆင်ကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို မြို့နယ်လူငယ်ရေးရာကော်မတီဝင်များ ဖြစ်ကြသည့် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက်က ကျင်းပသည်။ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာထွန်းက လူငယ်နှင့်အသိပညာ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းဝေလင်းနောင်က လူငယ်နှင့် အားကစားကြံ့ခိုင်ရေး၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလှထွဋ်ဦးက လူငယ်နှင့် စားသုံးသူအသိပညာ ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြသည်။ ဟောပြောပွဲအပြီးတွင် အားကစားနှင့်ကာယပညာဦးစီးဌာနက အားကစားပစ္စည်းများ ပေးအပ်ကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## တောင်ကုတ်

တောင်ကုတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (မြို့မ) စုပေါင်းခန်းမ၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပသည့် လူငယ်စကားဝိုင်းတွင် မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးလှထွန်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (မြို့မ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နုတို့က အမှာစကားပြောကြားပြီး အထက်တန်းပြဆရာ ဦးကျော်သူအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ Grade-10 နှင့် 11 မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ပညာရေးခေါင်းစဉ်၊ လူငယ်နှင့်နည်းပညာခေါင်းစဉ်၊ လူငယ်နှင့်အားကစားခေါင်းစဉ်၊ လူငယ်နှင့်ဆိုရှယ်မီဒီယာခေါင်းစဉ်၊ လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်၊ လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ်၊ လူငယ်နှင့်စည်းကမ်းခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီးနောက် ကျောင်းသား ကျောင်းသူများ၏ ပြန်လည်မေးမြန်းချက်များကို ဦးဆောင်ဆွေးနွေးသည့် ကျောင်းသားကျောင်းသူများက ပြန်လည်ဖြေကြားကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဥသုံးလုံးဥသည့် ကြိုးကြာခေါင်းနီ ငှက်သိုက်ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံး တွေ့ရှိ

ပိန်းဇလုပ်- သိန်းညွန့်

**မြန်မာ**နိုင်ငံ၌ ကြိုးကြာခေါင်းနီငှက်သားပေါက်ရာသီဖြစ်သော ယခုနှစ် ဩဂုတ်လအတွင်းက ဥသုံးလုံးဥသော ကြိုးကြာခေါင်းနီငှက်သိုက်ကို ပထမဆုံး တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြိုးကြာခေါင်းနီငှက်များ၏ ကောင်ရေ၊ သားပေါက်မှုအခြေအနေ၊ နေထိုင်ကျက်စားရာ နေရာများကို ၂၀၁၅ ခုနှစ်မှစတင်၍ ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ကွင်းဆင်းလေ့လာရေးလုပ်ငန်းနှင့် ထိန်းသိမ်းရေး လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ ယခုကဲ့သို့ ဥသုံးလုံးဥသည့် ကြိုးကြာခေါင်းနီ ငှက်သိုက်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။



### သုံးလုံးဥသည့်ဖြစ်စဉ် ရှားပါး

ကြိုးကြာခေါင်းနီငှက် (Sarus Crane Grus antigone) သည် အပြည်ပြည်ဆိုင်ရာ သဘာဝ ထိန်းသိမ်းရေးအဖွဲ့ (IUCN) ၏ အနီရောင်စာရင်းအရ မျိုးသုဉ်းအန္တရာယ် ကျရောက်သွားနိုင်သောအဆင့် (Vulnerable) အဖြစ် သတ်မှတ်ခြင်းခံထားရသည်။ ယင်းငှက်ကို တွေ့ရှိနိုင်သော အခြားနိုင်ငံများ၏ လေ့လာတွေ့ရှိချက်မှတ်တမ်းများအရ ၎င်းတို့သည် ဥနှစ်လုံးမှ သုံးလုံးအထိ ဥလေ့ရှိကြကာ သုံးလုံးဥ သည့်ဖြစ်စဉ်မှာ ရှားပါးကြောင်း၊ မှတ်တမ်းများအရ ၁၉၇၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ဥသုံးလုံးဥသည့်အသိုက် တစ်ခုနှင့် ၂၀၀၇ ခုနှစ်တွင်လည်း တစ်ခုကို ထပ်မံ တွေ့ရှိခဲ့သည်။ အလားတူ ၂၀၀၉ ခုနှစ်တွင် ကမ္ဘော ဒီးယားနိုင်ငံ၌ ဥသုံးလုံးဥသည့် အသိုက်နှစ်ခုကို တွေ့ရှိခဲ့ပြီး မြန်မာနိုင်ငံတွင်မူ ဥသုံးလုံးဥသည့် ငှက်သိုက်ကို ပထမဆုံးအကြိမ်အဖြစ် ယခုမှသာ တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

> ❍ **သုံးလုံးဥသည့်ဖြစ်စဉ်မှာ ရှားပါးကြောင်း၊ မှတ်တမ်းများအရ ၁၉၇၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ဥသုံးလုံးဥသည့်အသိုက်တစ်ခုနှင့် ၂၀၀၇ ခုနှစ်တွင်လည်း တစ်ခုကို ထပ်မံတွေ့ရှိခဲ့သည်။ အလားတူ ၂၀၀၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ဥသုံးလုံးဥသည့် အသိုက်နှစ်ခုကို တွေ့ရှိခဲ့ပြီး မြန်မာနိုင်ငံတွင်မူ ဥသုံးလုံးဥသည့်ငှက်သိုက်ကို ပထမဆုံးအကြိမ်အဖြစ် ယခုမှသာ တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့**

### သားပေါက်သည့်ရာသီ

ကြိုးကြာခေါင်းနီငှက်များသည် မြန်မာနိုင်ငံ၌ ဥပဒေအရ လုံးဝကာကွယ်ထားသော ငှက်မျိုးစိတ်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အဓိက တွေ့ရှိရသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သဘာဝ ရေဝပ်ဧရိယာများနှင့် ရေနက်ကွင်း စပါးစိုက်ခင်းများသည် ကြိုးကြာခေါင်းနီငှက်များအတွက် အလွန်အရေးပါသော စားကျက်နှင့် သားပေါက်ရာ နေရာများဖြစ်ပြီး ဥဥသားပေါက်သည့်ရာသီ မကျရောက်ခင် ဒီဇင်ဘာလမှ ဇွန်လခန့်အထိ အုပ်စုဖွဲ့နေထိုင်ကြသည်။ ဇူလိုင်လဆန်းမှစ၍ ဥဥ သားပေါက်ရန်အတွက် အုပ်စုအတွင်းမှ ကြိုးကြာစုံတွဲများအဖြစ် ခွဲထွက်လာပြီး အသိုက်များဆောက်လုပ်၍ ဥဥ သားပေါက်ကြကြောင်း၊ အသိုက်များကို စပါးကွင်းများနှင့် သဘာဝရေဝပ်ဧရိယာများအနီးရှိ မြက်ရိုင်းတောများတွင် ပြုလုပ်လေ့ရှိကြကာ ဥဥပြီး ရက် ၃၀ ခန့်အကြာတွင် သားပေါက်ကြကြောင်း ကွင်းဆင်းလေ့လာရေးလုပ်ငန်းနှင့် ထိန်းသိမ်းရေးလုပ်ငန်း လုပ်ဆောင်နေသူတစ်ဦးက ပြောကြားသည်။

### ခြိမ်းခြောက်မှုများ

ယခုအခါ ၎င်းတို့ ကျက်စားရာနေရာများမှာ လယ်ယာမြေချဲ့ထွင်ခြင်း၊ ငါးကန်များ တူးဖော်ခြင်း စသည့် အကြောင်းရင်းများကြောင့် တဖြည်းဖြည်း လျော့နည်းလာသကဲ့သို့ ကြိုးကြာဥများနှင့် အကောင်ပေါက်ကလေးများမှာလည်း တိရစ္ဆာန်များ ဖမ်းယူစားသောက်ခြင်း၊ ဒေသခံများ၏ ဖမ်းဆီးခံရခြင်းတို့ကြောင့် ကြိုးကြာခေါင်းနီငှက်များ ရေရှည်ရပ်တည်ရှင်သန်နိုင်ရန်အတွက် ခြိမ်းခြောက်လျက်ရှိကြောင်း၊ ထို့ကြောင့် အစိုးရတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းကြမှသာ အဆိုပါငှက်များ၏ ရေရှည်ရှင်သန်နိုင်ရေးနှင့် ၎င်းတို့၏ နေထိုင်ကျက်စားရာနေရာများ မပျောက်ကွယ်စေရေး ဆောင်ရွက်ရာတွင် အောင်မြင်နိုင်မည်ဖြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းလုပ်ဆောင်နေသူ ပညာရှင်တစ်ဦးထံမှ သိရသည်။ ။

---

# ပြန်လည်ဖြည့်တင်းရမယ့် နိုင်ငံ့သယံဇာတတွေ

═══ မြန်လင်းမောင် ═══

**ယ**နေ့အချိန်အခါမှာ ကမ္ဘာကြီးပူနွေးလာတာနဲ့အမျှ မိုးခေါင်ရေရှားမှု၊ မုန်တိုင်းကျရောက်မှု၊ ရေကြီးမှု၊ မြေပြိုမှုနဲ့ လျှော်လှုပ်တာတွေ စတဲ့ သဘာဝဘေးအန္တရာယ်တွေကို လူသားတွေ ရင်ဆိုင်တွေ့ကြုံခံစားနေကြရပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုရင် သစ်တောသယံဇာတနဲ့ဂေဟစနစ်တွေ ယိုယွင်းလာတာနဲ့ ဆက်စပ်နေပါတယ်။

လူသားတွေဟာ သဘာဝအလျောက် တည်ရှိနေတဲ့ သယံဇာတတွေကို မျိုးဆက်များစွာတိုင်အောင် ထုတ်ယူသုံးစွဲလာတာနဲ့အမျှ အချို့သော သဘာဝ သယံဇာတနဲ့ ဂေဟစနစ်တွေ လုံးဝပျက်စီးသွားပြီး တော့ တချို့သော သယံဇာတတွေဟာ အနည်းငယ်သာ ကျန်ရှိတော့တဲ့အနေအထားကို ကြုံတွေ့လာကြရပါတယ်။ ဥပမာအားဖြင့် ခေတ်အဆက်ဆက် လူမှုအကျိုးစီးပွားအတွက် ထုတ်ယူသုံးစွဲလာခဲ့ပြီးတဲ့နောက် မိမိတို့နိုင်ငံမှာ သစ်တောသယံဇာတတွေဟာ တဖြည်းဖြည်းနဲ့ လျော့နည်းလာခဲ့ပြီး အခုဆိုရင် မြန်မာ့သစ်တောဖုံးလွှမ်းမှုဧရိယာအနေနဲ့ ၄၂ ရာခိုင်နှုန်းလောက်သာ ကျန်ပါတော့တယ်။

ကမ္ဘာပေါ်မှာ ဇီဝမျိုးစုံမျိုးကွဲပေါင်း (အပင်နှင့်တိရစ္ဆာန်မျိုးစိတ်ပေါင်း) ရှစ်သန်းခန့်ရှိပြီး ကုန်းနေ၊ ရေနေ သတ္တဝါမျိုးစိတ်တွေရဲ့ ၈၀ ရာခိုင်နှုန်း၊ ငှက်မျိုးစိတ်တွေရဲ့ ၇၅ ရာခိုင်နှုန်းနဲ့ နို့တိုက်သတ္တဝါမျိုးစိတ်တွေရဲ့ ၆၈ ရာခိုင်နှုန်းခန့်ဟာ သစ်တောထဲမှာ ရှင်သန်နေထိုင်ကြပါတယ်။ ဒါ့အပြင် သစ်တောဂေဟစနစ်ဝန်ဆောင်မှုတွေအနေနဲ့ ရာသီဥတုသမမျှတမှုကို ဖြစ်ပေါ်စေနိုင်တဲ့အပြင် လူသားတွေအတွက် စားရေရိက္ခာ၊ဆေးဝါးနဲ့ အသုံးအဆောင်ပစ္စည်းတွေကိုလည်း ထောက်ပံ့ပေးထားပါတယ်။ ဒါ့ကြောင့် သစ်တောသစ်ပင်တွေ ပြုန်းတီးလာပြီး ကမ္ဘာကြီး ပူနွေးလာတာနဲ့အမျှ မြေအောက်ရေခန်းခြောက်တာ၊ မြစ်တွေတိမ်ကောလာတာ၊ ချောင်း၊ မြောင်းတွေ ခန်းခြောက်လာတာတွေကြောင့် သက်ရှိအားလုံး အသက်ရှင်ရပ်တည်နိုင်ဖို့ ရေအရင်းအမြစ်တွေ ရှားပါးလာတာတွေ ဖြစ်လာနိုင်ကြောင်းကိုလည်း ပညာရှင်တွေက သတိပေးထားကြပါတယ်။ ဒါကြောင့်မို့ သစ်တောသစ်ပင်တွေဟာ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်နဲ့ လူနေမှုစနစ်တို့အပေါ်မှာ အတော်များများ အကျိုးသက်ရောက်မှုရှိပါတယ်။ တချို့သော သဘာဝအလျောက်ဖြစ်တည်နေတဲ့ သယံဇာတတွေကို ပြန်လည်ဖြည့်ဆည်းလို့ မရစကောင်းပေမယ့် သစ်တောသယံဇာတ အရင်းအမြစ်တွေကိုတော့ မိမိတို့လူသားတွေရဲ့လုပ်ဆောင်ချက်တွေနဲ့ ပြန်ပြီး ဖြည့်တင်းလို့ ရနိုင်ပါသေးတယ်။

ဒါကြောင့်မို့လို့လည်း ၂၀၂၁ ခုနှစ်ကနေ ၂၀၃၀ ပြည့်နှစ်ကာလကို ကုလသမဂ္ဂဂေဟစနစ် ပြန်လည်ထူထောင်ရေးဆယ်စုနှစ်အဖြစ် သတ်မှတ်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ သစ်တောတွေ ပြန်လည်ထူထောင်နိုင်ဖို့အတွက် အရှိန်မြှင့်လုပ်ဆောင်နေပါတယ်။ မိမိတို့မြန်မာနိုင်ငံအနေနဲ့လည်းသစ်တော သယံဇာတတွေကို ပြန်လည်ထူထောင်နိုင်ဖို့အတွက် သစ်ပင်တွေ နှစ်စဉ်စိုက်ပျိုးလျက်ရှိရာမှာ အခုနှစ်မိုးရာသီအတွင်းမှာ လူထုလှုပ်ရှားမှုအသွင်စိုက်ပျိုးတဲ့အပြင် လူထုဖြန့် ပျိုးပင်ပေါင်း ၈ ဒသမ ၄ သန်းနဲ့ နိုင်ငံပိုင်သစ်တော စိုက်ခင်းတွေအပါအဝင် သစ်ပင်ပေါင်း ၂၄ ဒသမ ၆၂၉ သန်းကို စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း သယံဇာတနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အချက်အလက်တွေအရ သိရပါတယ်။ ဒီလိုသစ်ပင်တွေကို နှစ်စဉ်စိုက်ပျိုးသွားတဲ့အပြင် ရှင်သန်အောင် ထိန်းသိမ်းစောင့်ရှောက်တာ၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောတွေ သတ်မှတ်ထိန်းသိမ်းတာနဲ့ ရှိပြီးသားဖြစ်တဲ့ သစ်တောတွေထဲက သစ်ထုတ်ယူသုံးစွဲမှုတွေကို အကန့်အသတ်နဲ့သာ ဆက်ပြီးလုပ်ဆောင်သွားမယ်ဆိုရင် ဆယ်စုနှစ်တစ်ခုစာအတွင်းမှာ အတိုင်းအတာတစ်ခုအထိ သစ်တောတွေ ပြန်လည်ဖြည့်တင်းသွားနိုင်မှာပဲ ဖြစ်ပါတယ်။

> **“တချို့သော သဘာဝအလျောက် ဖြစ်တည်နေတဲ့ သယံဇာတတွေကို ပြန်လည်ဖြည့်ဆည်းလို့ မရစကောင်းပေမယ့် သစ်တောသယံဇာတ အရင်းအမြစ်တွေကိုတော့ မိမိတို့လူသားတွေရဲ့လုပ်ဆောင်ချက်တွေနဲ့ ပြန်ပြီး ဖြည့်တင်းလို့ရနိုင်**

ဒါ့ကြောင့် **“သက်ရှိလောကတည်မြဲဖို့၊ သဘာဝတောတွေ ထိန်းသိမ်းစို့”၊ “သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး”** ဆိုတဲ့ ဆောင်ပုဒ်တွေနဲ့အညီ သဘာဝအတိုင်းတည်ရှိပြီးဖြစ်တဲ့ သစ်တောတွေအပြင် သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးထိန်းသိမ်းခြင်းအားဖြင့် သစ်တောသယံဇာတများ ပြန်လည်ပြည့်ဖြိုးလာတာနဲ့အမျှ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်တွေကို ပြန်လည်ထိန်းသိမ်းပြီးသားဖြစ်သလို လူသားအားလုံးရဲ့ လူမှုစီးပွားဘဝလည်း ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာနိုင်မယ်ဆိုတာကို အသိပေးဖော်ပြလိုက်ရပါတယ်။ ။




၁၉၉၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံသစ်တောဖုံးလွှမ်းမှုအခြေပြဂရပ်ပုံ။





## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅၇

ဒေါ်လဲ့လဲ့မြင့် နှင့် တပ်သားမင်းမင်း
တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၀)၊ ၅၁လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉ လမ်းကြားနေ (ဘ ) ဦးအုံးဖေ၏သား ဖြစ်သူ တပ်သားမင်းမင်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင်တရားလို ဒေါ်လဲ့လဲ့မြင့်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၀)၊ ဦးပိုင်အမှတ်(၅၆)၊ ဧရိယာ ၀ဒသမ၀၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သင်းသင်းလှိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၄)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၀၇

ဦးမျိုးဇင်သူ နှင့် ဦးသိန်းမောင်
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(ထထ-၁)၊ (စ)ရပ်ကွက်နေ ဦးသိန်းမောင်(ဘ)ဦးရင်လေး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားပြိုင် ဦးသိန်းမောင်(ဘ)ဦးရင်လေး သင့်အပေါ်၌ ဦးမျိုးဇင်သူ(ဘ)ဦးသောင်းကြည်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၅၈၉-က)၊ ဦးပိုင်အမှတ်(င-၃၇)၊ ဧရိယာ(၀ဒသမ၀၃၀)ဧက အကျယ်အဝန်းရှိ ဦးသိန်းမောင် အမည်ပေါက်မြေကွက်အား ကတိပဋိဉာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် အောက်တိုဘာလ ၂ရက် (၁၃၈၅ခုနှစ် တော်သလင်းလပြည့်ကျော် ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်၊ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊စက်တင်ဘာလ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

# (၇၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်



**သီပေါ စက်တင်ဘာ ၁၇**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နိုင်ထွန်းသူ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမြင့် ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ကျောက်မဲ အ.ထ.က (၂)တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။ (ဝဲပုံ)

ထို့နောက် အရေးပေါ်လူနာများ သွေးလိုအပ်ချက်အရ ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက ခရိုင်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြောင်း သိရသည်။ **စိုင်း(သီပေါ)**



# မြန်မာနိုင်ငံသစ်တောအသင်းလှူမှုရေးကော်မတီ ညှိနှိုင်းစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံသစ်တောအသင်း လူမှုရေးကော်မတီကဦးဆောင်၍ သစ်တောဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက်၊ မြန်မာ့သစ်လုပ်ငန်းတွင် မန်နေဂျာနှင့်အထက် တာဝန်ထမ်းဆောင်ခဲ့ကြသော သစ်တောဘွဲ့ရနှင့် အခြားဘွဲ့ရ အသက် ၈၀ နှင့်အထက် အငြိမ်းစားကြီးများအား ဝါကျွတ်ကာလတွင် ကန်တော့ပွဲကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၅ ရက်က အင်းစိန်မြို့နယ် ကြို့ကုန်းသစ်တောဝင်းအတွင်းရှိ မြန်မာနိုင်ငံသစ်တော(MFA)၌ ပြုလုပ်သည်။

ရှေးဦးစွာ ကော်မတီနာယက ဦးဝင်းကြည်နှင့် ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကားများပြောကြားသည်။ ထို့နောက် ကော်မတီအတွင်းရေးမှူး ဦးတင်အေးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို တင်ပြဆွေးနွေးကာ တက်ရောက်လာကြသော အလုပ်အမှုဆောင်များက ပြုစုထားသော ပြည်တွင်းပြည်ပမှ ကန်တော့ခံ အသက် ၈၀ နှင့်အထက် အငြိမ်းစားအရာရှိကြီးများ၏ အမည်စာရင်းနှင့် အလှူငွေရရှိမှုကို တင်ပြဆွေးနွေးသည်။ ကန်တော့ပွဲကို နိုဝင်ဘာလတွင် အင်းစိန်မြို့နယ် ကြို့ကုန်းရှိ သစ်တောဝင်းအတွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၉ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၉၅ ကျပ် | ၂၆၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၇၀ ကျပ် | ၂၇၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၈၅ ကျပ် | ၂၄၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၅၁၀ ကျပ် | ၂၅၆၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၈၉၀၀ | ၂၉၂၆ | ၂၆၀၃၁၄၀၀ |
| MTSH | ၃၀၅၀ | ၃၁၀၀ | ၅၀၄၅ | ၁၅၆၃၀၁၅၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၃၉ | ၂၉၂၅၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၁၅၀၇ | ၂၅၆၁၉၀၀ |
| TMH | ၂၃၅၀ | ၂၃၅၀ | ၁၀၉၂ | ၂၅၆၆၂၀၀ |
| EFR | ၂၃၀၀ | ၂၂၀၀ | ၄၆၀ | ၁၀၁၃၅၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၃၄၀ | ၉၀၁၆၀၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၉၅၆၈ | ၁၇၃၇၄၀၀၀ |

ညီညီ - စုစည်းသည်

Since 2014
UNECMM
နေပြည်တော် ဦးနိုင် ရာထူးဝင်စွမ်းထပ်တန်းကျောင်း
မြန်မာနိုင်ငံအတွင်းရှိမြို့တိုင်းအတွက်
PPTT 10/23 (အွန်လိုင်း၊ အပြင်)သင်တန်းလက်ခံနေပြီ
ဝင်ခွင့်တိုင်းအတွက်
UNEC MM Co.,Ltd.
UNEC MM
Nay Pyi Taw UNEC MM CO.,Ltd.
PPTT 10/23 တအုပ်ရပြီ
စုံစမ်းရန်
09-430 38 565
09-255 499 663
09-662 60 5000
IP and awards-UNEC-MM 6th ASEAN RDPE Leadership Award(Singapore)

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အထက သရက်ကုန်း၊ စာဖြူစု၊ Grade-11 မှ မခိုင်သဇင်ဦး ၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်းဦး ၇/သဝတ(နိုင်)၁၁၁၈၈၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အထက သရက်ကုန်း၊ စာဖြူစု ၊ Grade-11 မှ မအေးသက်မွန်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမင်းထွန်း ၇/သဝတ(နိုင်)၀၉၉၃၁၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အထက သရက်ကုန်း၊ စာဖြူစု ၊ Grade-11 မှ မပိုးအိမ်ချစ်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၇/သဝတ(နိုင်)၀၇၃၇၀၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အထက သရက်ကုန်း၊ စာဖြူစု ၊ Grade-11 မှ မဖြိုးသက်မွန်၊ Grade-4 မှ မောင်ဟဲလင်းခန့်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်းနိုင် ၇/သဝတ(နိုင်)၁၀၁၈၉၂ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9M/1965 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 37W/52338 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ် ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## အများသိစေရန်ကြေညာချက်

မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်ရိပ်သာလမ်းနေ ဦးညဏ်(ဘ) ဦးအောင်မောင်း ၅/ဖပန(နိုင်)၀၅၁၃၅၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်သည်-

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်(ယခင်-မုံရွာခရိုင်)၊ ယင်းမာပင်မြို့နယ်၊ ကန်ချောင်ကျေးရွာတွင်တည်ရှိသော ကွင်း/အကွက်အမှတ်နှင့် အမည် (၁၂၁၁-အောင်မိုးအနောက်)၊ ဦးပိုင်အမှတ်-( $H_2$ /S ၁၅၇) မြေအမျိုး နှင့်အတန်း-(မြို့မြေ)၊ ဧရိယာ ၀ ဒသမ ၁၂၄ ဧကအကျယ်အဝန်းရှိ အရှေ့လားသော်- အမှတ်(၃) လမ်း၊ အနောက်လားသော်-အကွက်အမှတ်(၁၅၆)၊ တောင်လားသော်-လမ်း၊ မြောက်လားသော် မုံရွာ-ယာကြီးလမ်း၊ ၄င်းနယ်လေးရပ်အတွင်းရှိ ဝင်းမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးညဏ် လက်ရှိထား ပိုင်ဆိုင်ခဲ့သော ဝင်းမြေဖြစ်ပါသည်။ ၂၆-၁၂-၂၀၀၉ ရက်က ဗိုလ်ကြီးစစ်နိုင်ဝင်းထံမှ ဦးညဏ် ဝယ်ယူခဲ့သည့်အချိန်မှစ၍ ယနေ့အချိန်ထိ လက်ထိလက်ရောက်ရယူကာ လက်ရှိထားစီမံခန့်ခွဲအသုံးပြုခဲ့ပါသည်။ ထို့ကြောင့် ဖော်ပြပါ ဝင်းမြေကွက်အား ဦးညဏ်မှ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း၊ စွန့်လွှတ်ထားခြင်းများ လုံးဝမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဖော်ပြပါဝင်းမြေကွက်နှင့် ပတ်သက်သော မြေစာရင်းပုံစံ (၁၀၅၊ ၁၀၆)၊ ဗိုလ်ကြီးစစ်နိုင်ဝင်းထံမှ ဦးညဏ် ဝယ်ယူခဲ့သည့် ၂၆-၁၂-၂၀၀၉ ရက်စွဲပါ အရောင်းအဝယ်စာချုပ်၊ ဗိုလ်ကြီးစစ်နိုင်ဝင်းမှ ဦးညဏ်အား လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာ စသည့်စာရွက်စာတမ်းမူရင်းများမှာ ပျောက်ဆုံးသွားခဲ့ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဦးညဏ် | ဒေါ်ခင်မာလွင် |
| ၅/ဖပန (နိုင်)၀၅၁၃၅၀ | တရားလွှတ်တော်ရှေ့နေ( စဥ်-၁၅၂၈၇/၁၉ ) |
| အောင်ရိပ်သာလမ်း၊ | မြဝတီရပ်၊ မုံရွာမြို့ |
| အောင်မင်္ဂလာရပ်၊ မုံရွာမြို့ | |

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်၊ အကွက် အမှတ်(၃၈၃)၊ ဦးပိုင်အမှတ် (၁၂)/ခဲစင်းတောင်ဘက်ခြမ်း/၄၁လမ်းနှင့် အောင်ရတနာလမ်းရှိ ဦးငွေအောင်၊ ဒေါ်သိန်းရီ အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၄၄၁/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်ခင်သန်းဦး၊ ဒေါ်ခင်ငွေဦး၊ ဒေါ်ခိုင်ခိုင်ဦး (ခ)ဒေါ်မော်လီ၊ ဦးဇော်လင်းဦး၊ ဒေါ်အေးအေးနိုင်တို့အနက် ဒေါ်အေးအေးနိုင်ထံမှ စွန့်လွှတ်စာချုပ်အမှတ် (၂၈၃၀/၂၀၂၃)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူများဖြစ်သော ဒေါ်ခင်သန်းဦး ၉/မနတ(နိုင်)၀၃၆၁၁၉၊ ဒေါ်ခင်ငွေဦး ၉/မနတ(နိုင်)၀၇၆၉၉၅၊ ဒေါ်ခိုင်ခိုင်ဦး(ခ) ဒေါ်မော်လီ ၉/မနတ(နိုင်)၀၉၉၈၀၈၊ ဦးဇော်လင်းဦး ၉/မနတ(နိုင်)၀၉၉၈၀၉ တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ် ၃၄၄၊ ဦးပိုင်အမှတ်(၂၇-င)ခဲစင်း/(တာရိန်လမ်းနှင့် စိတ္တာသုခလမ်း၊ မဟာစည်လမ်းနှင့် သင်္ဂဇာပတ်လမ်းကြား)ရှိ ဦးထွန်းရင်၊ ဒေါ်စန်းအမည်ပေါက် ဘိုးဘ မြေကွက်အား (ဇနီး)ဒေါ်စန်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၅၅၄/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့်ကျန်ရစ်သောပူးတွဲအမည်ပေါက်သူ(ခင်ပွန်း) ဦးထွန်းရင် ၉/မဟမ(နိုင်)၀၅၀၂၉၈ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၇၂၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသန်းထိုက်ကျော် ၉/မဟမ(နိုင်)၀၂၅၇၅၃ က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝခရိုင်၊ ကလေးဝမြို့၊ အထက(ကလေးဝ)၊ Grade-12 မှ မောင်ပြည့်စုံထွန်း၏ ဖခင်အမည်မှန်မှာ ဦးဘိုထူး ၅/ကလဝ(နိုင်)၀၀၀၁၁၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ Family ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ ကျောင်းသူ မအိမ့်ကဗျာ၏ဖခင် အမည်မှန်မှာ ဦးအောင်ကိုကိုလင်း ၈/တတက(နိုင်)၀၉၉၉၉၈ ဖြစ်ပါကြောင်း။

ဦးအောင်ကိုကိုလင်း

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် ၈၉၁၊ ဦးပိုင်အမှတ်(၁၁-B)/၁၁၅ လမ်း၊ ရန်ကုန်-မန္တလေးကား လမ်းနှင့် ကိုလံဗိုလ်မြောင်းကြားရှိ ဦးရွှေဟုတ်(ခ)ဦးရန်ဆီဟော်အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးရွှေဟုတ်(ခ)ဦးရန်ဆီဟော်၊ မိခင် ဒေါ်ချိန်ကွယ်ဟွမ်(ခ) ချိန်ရန်ပုံတို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်မြင့်ရီ(ခ) ရန်ခွန်ဖိန်း ၁၃/ကမန(နိုင်)၀၅၈၀၄၉၊ ဒေါ်ရန်ခွန်ရီ(ခ)မခင်အေး ၁၃/ကမန(နိုင်)၀၅၇၂၈၀၊ ဒေါ်မိုးမိုးအေး(ခ)ဖြူဖြူသွယ် ၁၃/ကမန(နိုင်)၀၆၃၄၅၄၊ ဦးထူးအောင် ၉/ပကခ(နိုင်)၀၀၅၀၁၀ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၂၂၊ ဦးပိုင်အမှတ်(၅)/၁၀၈ လမ်း၊ ၅၃X၅၄ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ တသကျော်လင်း ၉/မနမ(နိုင်)၀၉၈၁၅၁ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၂၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်မိုးမောင်မောင် ၈/ရစက(နိုင်)၁၂၀၂၃၆ က မြေကွက်၏(တောဂရန်၊ မြေချထားမိန့်၊ ငွေသွင်းပြေစာ)မူရင်းတို့မှာအသိမ်းလွှန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်နှင့် တောမှမြို့ပြောင်း၊သက်တမ်းတိုးရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် ၈၉။ ဦးပိုင်အမှတ်(၁၉-စ)/၈၉ လမ်း၊ ၁၆x၁၇ လမ်းကြားရှိ ဦးပါတ်လည်အမည်ပေါက်ဘိုးဘမြေကွက်အား အဘိုး ဦးပါတ်လည်၊ အဘွားဒေါ်မြင့်၊ (ဦးလေး)ဦးသိုက်ရ(လူပျိုဘဝ)၊ ဖခင်ဦးထွန်းခိုင်၊ မိခင်ဒေါ်မေတို့ကွယ်လွန်၍ ကျန်ရစ်သူမြေးများဖြစ်ကြသော ဦးလှဖေ၊ ဒေါ်လုံး၊ ဒေါ်သိန်း၊ ဒေါ်သောင်းတို့က မြေကွက်အား မိသားစုစီမံခန့်ခွဲ၍ အသီးသီးခွဲဝေပိုင်းခြား၍ ရယူပြီးဖြစ်ပါသည်။ ဖခင်ဦးလှမြင့်၊ မိခင်ဒေါ်လုံးတို့ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ငြိမ်းငြိမ်း ၉/မနမ(နိုင်)၀၇၄၈၉၃ က တရားရုံးအမိန့်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/7995 Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ထားနွယ် ၅/မရန(နိုင်)၂၁၉၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ မုံရွာ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၇၈၁)၊ ဦးပိုင်အမှတ် (၃-ခ)/၆၈လမ်း၊ ၂၇x၂၈လမ်းကြားရှိ ဦးကျော်သိန်း၊ ဒေါ်ကြွယ်ကြွယ် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၂၂၅/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်မြင့်မြင့်သိန်း ၉/မရမ (နိုင်)၀၅၄၁၂၆၊ ဒေါ်ရီရီမြင့် ၉/မရမ(နိုင်)၀၅၈၇၁၉ ၊ ဦးအောင်မြင့်ဟိန်း ၉/ခအဇ(နိုင်)၀၀၂၄၃၁၊ ဒေါ်တူးတူးမာ ၁၄/ပသန(နိုင်)၁၇၁၅၄၇၊ ဒေါ်ဝင်းမာ ၉/အမဇ (နိုင်)၀၀၂၇၀၉ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၇၆၃/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ကျော်အောင် ၁၂/လမတ(နိုင်)၀၂၅၃၀၅၊ ဒေါ်လွင်မွန်ညဏ်သိန်း ၉/ခအဇ(နိုင်)၀၀၄၉၅၆၊ ဦးဖြိုးဝေညဏ်သိန်း ၉/ခအဇ(နိုင်)၀၁၃၀၆၀၊ ဦးသိန်းမြင့် ၉/မနတ(နိုင်)၀၁၆၂၂၀ တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၅)၊ ဦးပိုင်အမှတ် (၈)/၄၄လမ်း၊ ၈၁x၈၂ လမ်းကြားရှိဦးလှိုင်အမည်ပေါက်ဘိုးဘမြေကွက်အား ဦးလှိုင်၊ ဒေါ်ဦး၊ ဦးသိန်းအောင်(လူပျိုဘဝ)၊ ဒေါ်အုံးမေ၊ ဦးသက်ဝင်း၊ ဦးမြ၊ ဒေါ်ယဉ်နု(ခ)ဒေါ်ရင်နုတို့ ကွယ်လွန်၍ ကျန်ရစ်သူများဖြစ်ကြသော ဒေါ်မြနွယ်ဦး ၉/မရတ(နိုင်)၁၁၄၇၅၇၊ ဦးဇော်ဝင်းမြင့် ၉/မတမ(နိုင်)၀၀၃၆၀၄၊ ဒေါ်သက်နုထွေး ၉/မတမ(နိုင်)၀၁၄၇၉၁ တို့က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ-၈၊ ဦးပိုင်အမှတ်(၂၉)/၆၅(စီ)လမ်း၊ ၁၁၆ x ၁၇ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးစိန်ထွန်းကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်သန်းစိန် ၉/သစန(နိုင်)၀၆၈၃၈၄ က မြေကွက်၏မြေပေးမိန့်မူရင်း၊ ငွေသွင်းပြေစာ (၂၄၀၀ိ/- + ၄၀၀၀ိ/-)မူရင်းများသည် လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံး နေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ၉၊ ဦးပိုင်အမှတ်(၅+၆)/၁၁၂ လမ်း၊ ၅၀x၅၁ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ယဉ်ယဉ်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၄၀၉၂/၂၀၂၀)အရ အမွေဆက်ခံခဲ့သူ ဦးကိုပေါက် ၁၃/ကခန(နိုင်)၀၁၃၆၃၇ ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၄၉၀၀/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ခင်စိုး ၉/ခမစ(နိုင်)၀၂၂၀၆၇ က မြေကွက်၏မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းတို့မှာ ဦးကိုပေါက်၏လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တောဂရန်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၀)၊ ဦးပိုင်အမှတ် (၉၇)/၄၀လမ်း၊ ၇၈x၇၉ လမ်းကြားရှိ ဦးဘအေးအမည်ပေါက်ဘိုးဘမြေကွက်အား ဦးဘအေး၊ ဒေါ်တုတ်၊ ဒေါ်သောင်း(အပျိုဘဝ)၊ ဦးမြင့်ထွေး (လူပျိုဘဝ)၊ ဦးကျော်သိန်း၊ ဒေါ်ခင်သန်း၊ ဦးအောင်အောင်လွင် (လူပျိုဘဝ)၊ ဦးခင်မောင်ထူး (လူပျိုဘဝ) တို့ကွယ်လွန်၍ ကျန်ရစ်သူများဖြစ်ကြသော ဒေါ်ခင်စန်း ၉/မရတ(နိုင်)၀၉၂၉၀၈၊ ဒေါ်ခင်လှ ၉/မရတ(နိုင်)၀၁၉၈၈၂၊ ဒေါ်ခင်လေးလွင် ၉/မရတ(နိုင်)၀၁၀၅၀၂၊ ဒေါ်ခင်မာလွင် ၉/မရတ(နိုင်)၀၁၀၅၀၃ တို့က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေ လူ့မိတ်ဆွေ

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## ဆေးဝါးစက်ရုံ(အင်းစိန်)အတွက်
## ဆေးဝါးကုန်ကြမ်း(၂)မျိုးနှင့် Capsule Shell (၂)မျိုး အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်**

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (၁) | Al-hydrogel(Aluminium Hydroxide Gel) | ၁၀၀Kg |
| (၂) | Purified Tetanus Toxoid (Concentrated) Bulk(18 MLf) | ၁၀ လီတာ |
| (၃) | Capsule Shell (၂)မျိုး | |
| | - Cefalexin Capsule Shell | ၃,၀၀၀,၀၀၀ ခု |
| | - Flucloxacillin Capsule Shell | ၂,၅၀၀,၀၀၀ ခု |

၂။ **တင်ဒါဖွင့်ပိတ်ရက်** - ၁၃-၉-၂၀၂၃ ရက်မှ ၂၆-၉-၂၀၂၃ ရက်ထိ
၃။ **ပစ္စည်းပေးသွင်းရမည့်စက်ရုံ** - ဆေးဝါးစက်ရုံ(အင်းစိန်)
၄။ **တင်ဒါပေးသွင်းရမည့်နေရာ** - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်
၅။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

| | |
|---|---|
| **မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)** | **တယ်လီဖုန်းအမှတ်** |
| **စက်မှုဝန်ကြီးဌာန၊** | ၀၆၇၃-၄၀၈၃၈၈ |
| **ရုံးအမှတ်(၃၇)၊ နေပြည်တော်** | ၀၆၇၃-၄၀၈၃၅၄ |

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၁၀) ၊ကွင်း / အကွက်အမှတ် ( AA. မြနန္ဒာ)၊ ဦးပိုင်အမှတ် ( ၁၁၅)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်)လျှောက်ထားနိုင်ရေး ဒေါ်စုစုငယ် ၉/မမန(နိုင်) ၀၂၁၅၆၀ မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန်(City Loft)၊ တိုက်အမှတ် CL5(B4)၊ အခန်းအမှတ်(၂၀၄)၊ Type (1-Bedroom)၊ Area (၄၈၄) Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်ဟိန်းဦး ၁၂/စခန(နိုင်) ၀၆၈၀၂၅ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဖူးမွန်ချေချေ ၇/ညလပ(နိုင်)၁၄၄၆၆၆**
**ဖုန်း-၀၉-၅၃၈၅၃၂၈၊ ၀၉-၇၅၂၇၈၅၃၂၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/17787 Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေဦး ၇/ပမန(နိုင်)၁၇၄၃၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

